
# ကိုဗစ်-၁၉၊ စစ်အာဏာသိမ်းမှုနှင့် ဆင်းရဲနွမ်းပါးမှု

## ဆိုးရွားပြင်းထန်လာသော ဘေးဒုက္ခအန္တရာယ်များ နှင့် မြန်မာနိုင်ငံ၏ လူသားဖွံ့ဖြိုးမှုအပေါ် သက်ရောက်မှုများ

၂၀၂၁ ခုနှစ် ဧပြီလ



# COVID-19, COUP D'ETAT AND POVERTY

## Compounding Negative Shocks and Their Impact on Human Development in Myanmar

**April 2021**

# Contents


ကျေးဇူးတင်မှတ်တမ်းလွှာ ........ 3

အစီရင်ခံစာအနှစ်ချုပ် ........ 3

မြန်မာနိုင်ငံအခြေအနေနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂအဖွဲ့၏ ရပ်တည်ချက်များ ........ 8

၁။ ဖွံ့ဖြိုးတိုးတက်မှုဆီသို့ လျှောက်လှမ်းရာ ထိခိုက်ကျိုးပျက်လွယ်သည့်လမ်းကြောင်း ........ 9

၂။ ကိုဗစ်-၁၉ ၏ ရိုက်ခတ်မှု ........ 12

၃။ ဆိုးရွားပြင်းထန်လာသော ဘေးဒုက္ခအန္တရာယ်နှင့် မြန်မာနိုင်ငံရှိ ဆင်းရဲ နွမ်းပါးမှုအပေါ် ၎င်း၏ သက်ရောက်မှုများ ........ 14

၃.၁။ မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးမှုအပေါ် ကိုဗစ်-၁၉၏ လူမှုစီးပွားဆိုင်ရာ ကွဲပြားစွာ သက်ရောက်မှုများ ........ 14

၃.၂။ စစ်အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာနိုင်ခြေရှိသည့် အခြေအနေများနှင့် မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးမှုအပေါ် သက်ရောက်နိုင်ခြေအမျိုးမျိုး ........ 22

၄။ ဤလေ့လာမှု၏ အကန့်အသတ်များ ........ 27

၅။ သုံးသပ်ချက်များ ........ 28

နည်းပညာဆိုင်ရာ နောက်ဆက်တွဲစာတမ်း ........ 31

ဇယား (က-၁) - ကိုဗစ်-၁၉ ၏ သက်ရောက်မှု - ချဉ်းကပ်သည့် နည်းလမ်းနှင့် ယူဆချက်များ ........ 34

ဇယား (က-၂) - ဝင်ငွေအပေါ်ထိခိုက်မှုများ (Income Shocks) နှင့် လူတို့၏ ဖြစ်ပေါ်လာသည့် အခြေအနေအမျိုးမျိုးအရ ပစ္စုပ္ပန်သုံးစွဲမှုနှင့် အနာဂတ်တွင် သုံးစွဲရန် စုဆောင်းမှုတို့အကြား ဘက်ညီမျှတအောင် သုံးစွဲနေထိုင်မှု (consumption smoothing) နှင့် စပ်လျဉ်းသည့် သုတေသနစာတမ်းများအား လေ့လာသုံးသပ်မှု ........ 36

ဇယား (က-၃) - စစ်အာဏာသိမ်းမှု၏ သက်ရောက်မှုအဖြစ် ဆင့်ကဲဖြစ်ပေါ်လာသော ဘေးဒုက္ခများ ........ 39

ဇယား (က–၄) – ရေရှည်တွင် ရရှိနိုင်မည့် ပျမ်းမျှမျှော်မှန်းဝင်ငွေဆိုင်ရာသီအိုရီ (Permanent Income Hypothesis) နှင့် စပ်လျဉ်းသော သုတေသနစာတမ်းများအား လေ့လာသုံးသပ်ခြင်း ........ 41

## ကျေးဇူးတင်မှတ်တမ်းလွှာ

ဤနည်းပညာစာတမ်းကို Zlatko Nikoloski (Consultant, UNDP) က Rachel Smith–Govoni (Consultant, UNDP) ၏ ကူညီပံ့ပိုးမှုဖြင့် ပြုစုထားပါသည်။ ဤစာတမ်းအတွက် အချက်အလက် များ၊ အကြံပြုချက်များကို Matthew Powell (Consultant, UNDP) နှင့် Thomas Gregory (Policy Specialist, UNDP) တို့ကလည်း ထပ်မံပေးအပ်ခဲ့ကြပါသည်။ ဤစာတမ်း ပြုစုထုတ်ဝေနိုင်ရေး အတွက် Biplove Choudhary (Chief of Sustainable and Inclusive Growth, UNDP in Myanmar) နှင့် Titon Mitra (Resident Representative, UNDP Myanmar) တို့က လမ်းညွှန် ကြီးကြပ်မှုများ ပေးခဲ့ကြပါသည်။ Balázs Horváth (Senior Economic Advisor, Regional Bureau for Asia and the Pacific, RBAP) အား peer reviewer အဖြစ် ဤစာတမ်းကို ဖတ်ရှု သုံးသပ်၍ အကြံဉာဏ်များပေးခဲ့ခြင်းအတွက်လည်းကောင်း၊ RBAP HQ ရုံးချုပ်မှအဖွဲ့အား အကြောင်းအရာပိုင်းနှင့် တည်ဖြတ်မှုအပိုင်းများတွင် အကြံပြုချက်များနှင့် လမ်းညွှန်ချက်များ ပေးခဲ့ခြင်းအတွက်လည်းကောင်း များစွာ ကျေးဇူးတင်ရှိပါသည်။ Sondang Sirait (Consultant, UNDP) ကလည်း ဂရပ်ဖစ်ဒီဇိုင်းနှင့် တည်းဖြတ်မှုဆိုင်ရာ ပံ့ပိုးမှုများကို ပေးအပ်ခဲ့ပါသည်။

## အစီရင်ခံစာအနှစ်ချုပ်

**ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် လွန်ခဲ့သော ဆယ်နှစ်တာကာလအတွင်း ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတွင် သိသာထင်ရှားသည့် အောင်မြင်မှုများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါ**

**သည်။** ၂၀၁၁ ခုနှစ်တွင် စတင်ခဲ့သည့် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီ နှင့် ဈေးကွက်စီးပွားရေးစနစ်သို့ သမိုင်းဝင်အသွင်ကူးပြောင်းမှုသုံးခုကြောင့် မြန်မာနိုင်ငံသည် ထိုသို့ တိုးတက်မှုများ ရရှိခဲ့ခြင်း ဖြစ်ပါသည်။ အသွင်ကူးပြောင်းမှုများ စတင်ခဲ့ပြီးနောက်ပိုင်း ဆောင်ရွက်ခဲ့သည့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများနှင့် ကုန်သွယ်ရေးဆိုင်ရာ ဖြေလျှော့ပေး မှုတို့ကြောင့် စီးပွားရေး လျှင်မြန်စွာ တိုးတက်လာခဲ့ပြီး ဆင်းရဲနွမ်းပါးမှုနှုန်းများ သိသိသာသာ လျော့ကျသွားစေရန် အထောက်အကူပြုခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်း ပါးမှုနှုန်းသည် ၂၄.၈ ရာခိုင်နှုန်း (စံအဖြစ် နိုင်ငံအဆင့် ဆင်းရဲနွမ်းပါးမှုမျဉ်းကို အသုံးပြုခဲ့) ရှိပါ သည်။ ဆင်းရဲနွမ်းပါးမှုနှုန်းသည် ၂၀၀၅ ခုနှစ်က ၄၈.၂ ရာခိုင်နှုန်း ရှိခဲ့ရာမှ ထိုရာခိုင်နှုန်းအထိ ကျဆင်းလာခဲ့ခြင်း ဖြစ်ပါသည်။

**ထိုသို့လူမှုဘဝဖူလုံပြည့်စုံမှုများ တိုးတက်ကောင်းမွန်လာခဲ့သော်လည်း ထိခိုက်လွယ်မှုများမှာ ရှိနေဆဲဖြစ်ပါသည်။ လူဦးရေ၏ သုံးပုံတစ်ပုံသည် စားသုံးမှုအဆင့် နိမ့်ကျနေဆဲဖြစ်ပြီး ထိုသူ များသည် ဆင်းရဲတွင်းသို့ အချိန်မရွေး ပြန်လည်သက်ဆင်းသွားနိုင်သည့် အခြေအနေတွင် ရှိနေ ပါသည်။ ထိုမျှသာမက**

**ထိုအိမ်ထောင်စုများ၏ ဝင်ငွေကို ကြည့်လျှင်လည်း ကြီးမားသော အစိတ် အပိုင်းသည် အသေးစားနှင့် ကျပန်းစီးပွားရေးလုပ်ငန်းများမှ အဓိက ရရှိနေခြင်းဖြစ်သဖြင့် အာမခံချက်မရှိလှပါ။ ဤအခြေအနေမျိုးတွင် ဘေးဒုက္ခတစ်ခုခု၊ ဘေးအန္တရာယ်တစ်ခုခု ကျရောက်မှုနှင့် ထိုဘေးဒုက္ခများကို ရင်ဆိုင်ကျော်လွှားရန် သင့်လျော်သည့် နည်းလမ်းများ မရှိမှု တို့က ထိုအိမ်ထောင်စုများအား ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်သို့ ရောက်ရှိသွားအောင် အလွယ်တကူ တွန်းပို့ပေးနိုင်ပြီး နောက်ဆုံးတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ (SDGs) ပြည့်မီရေးကို တာရှည်ထိခိုက်စေမည့် နှောင့်နှေးဆုတ်ဆိုင်းမှုများ ဖြစ်ပေါ်စေမည် ဖြစ်ပါသည်။**

**ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားလာသောအခါ ထိခိုက်လွယ်သော အိမ်ထောင်စုများကြား ဝင်ငွေများ လျော့နည်းသွားမှုနှင့် ရင်ဆိုင်ကျော်လွှားနိုင်သော နည်းလမ်းများ နည်းပါးမှုတို့ကြောင့် ၂၀၂၀ ပြည့်နှစ် နှစ်ကုန်တွင် ဆင်းရဲနွမ်းပါးမှုနှုန်းသည် ၆ ရာခိုင်နှုန်းမှ ၁၁ ရာခိုင် နှုန်းအထိ တိုးလာနိုင်သည်ဟု ခန့်မှန်းရသည့် အနေအထားသို့ ရောက်ရှိခဲ့ပါသည်။ အိမ်ထောင်စု ထိခိုက်လွယ်မှုစစ်တမ်း (၂၀၂၀) အရ ကပ်ရောဂါထိန်းချုပ်ရေး စည်းမျဉ်းစည်းကမ်းများသည် မိသားစုတစ်နိုင်တစ်ပိုင် လုပ်ကိုင်သော အသေးစားစီးပွားရေးလုပ်ငန်းများကို အထိနာစေခဲ့ပြီး ထိုလုပ်ငန်းများကို လုပ်ကိုင်နေသည့် အိမ်ထောင်စုများ၏ ထိခိုက်လွယ်မှုကို ပို၍ တိုးပွားလာစေ ခဲ့ပါသည်။ အိမ်ထောင်စုများ၏ ငါးပုံလေးပုံ (၈၃.၃ ရာခိုင်နှုန်း) က ၂၀၂၀ ပြည့်နှစ် အစောပိုင်းမှ စ၍ ဝင်ငွေများ ကျဆင်းသွားသည်ဟု ဆိုကြပါသည်။ ထို့ပြင် ကဏ္ဍများအားလုံးတွင် ထိခိုက်မှု များရှိပြီး အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းရှိ လော့ဒေါင်းချထားမှုများကြောင့် နိုင်ငံရပ်ခြားမှ လွှဲပို့ငွေများ လျော့နည်းကျဆင်းသွားသည့် အထောက်အထားများကိုလည်း တွေ့ရှိရပါသည်။**

**လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးအကျပ်အတည်းကလည်း ဝင်ငွေများ ကျဆင်းစေပြီး ကမ္ဘာ့ကပ် ရောဂါကြောင့် လူမှုစီးပွားဆိုင်ရာ ထိခိုက်မှုများကို ပိုမိုပြင်းထန်ဆိုးရွားလာစေမည်မှာ သံသယ ဖြစ်ဖွယ်မရှိပါ။ အဆိုးဆုံး ဖြစ်နိုင်ခြေတစ်ခုမှာ မြန်မာနိုင်ငံ လူဦးရေ၏ ထက်ဝက်နီးပါး (၄၈.၂ ရာခိုင်နှုန်း) သည် ဆင်းရဲနွမ်းပါးသွားနိုင်ပြီး (၂၀၁၇ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှုနှုန်း ၂၄.၈ ရာခိုင်နှုန်းသာရှိ) ၂၀၀၅ ခုနှစ်နောက်ပိုင်း ရရှိခဲ့သည့် တိုးတက်မှုများအားလုံးကို ပြန်လည်ဆုံးရှုံး သွားစေမည်ဖြစ်သည်။** မြေပြင်တွင် ကြုံတွေ့နေရသည့် အခြေအနေများ တိုးတက်ပြောင်းလဲမှု မရှိဘဲ ယခုအတိုင်း ဆက်လက်ဖြစ်ပေါ်နေမည်ဆိုပါက ၂၀၂၂ ခုနှစ် အစောပိုင်းတွင် ဆင်းရဲနွမ်း ပါးမှုနှုန်းသည် နှစ်ဆတိုးလာနိုင်ပါသည်။ ထိုအချိန်ရောက်လျှင် လက်ရှိအကျပ်အတည်းကြောင့် ဖြစ်ပေါ်လာသော ဘေးဒုက္ခများကြောင့် လုပ်ခလစာများနှင့် ဝင်ငွေများ (အထူးသဖြင့် အသေး စားစီးပွားရေးလုပ်ငန်းများမှ ဝင်ငွေများ) အများအပြား ဆုံးရှုံးကြရမည်ဖြစ်ပြီး စားနပ်ရိက္ခာ၊ အခြေခံဝန်ဆောင်မှုများနှင့် လူမှုရေးကာကွယ်စောင့်ရှောက်မှုများအား လက်လှမ်းမီရရှိမှုများလည်း လျော့နည်းသွားမည်ဖြစ်သည်။ နိုင်ငံတွင်း ကမ္ဘာ့ကပ်ရောဂါကို ရင်ဆိုင်ကြုံတွေ့ရသည့် ကာလ တစ်နှစ်ကြာလာချိန် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြန်မာစစ်တပ်မှ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခံထားရသော အစိုးရကို ဖြုတ်ချ၍ *စစ်အာဏာသိမ်းမှု* ကို ပြုလုပ်ခဲ့ခြင်းကြောင့် နောက်ထပ်အကျပ်အတည်းတစ်ခုကို ထပ်မံ ရင်ဆိုင်ရပြန်ပါသည်။ အာဏာသိမ်းမှုကြောင့် ဆန္ဒပြသူများအား စစ်တပ်နှင့် ရဲမှ အကြမ်းဖက်ဖြိုခွင်းမှုများ ဖြစ်ပေါ် ခဲ့ပါသည်။ နှစ်လတာကာလအတွင်းတွင် လူပေါင်း ၇၀၀ ကျော် သေဆုံးခဲ့ပြီး ထောင်နှင့်ချီ၍ ဖမ်းဆီးထိန်းသိမ်းခံထားရပါသည်။ ထို့အပြင် နိုင်ငံ၏ စီးပွားရေး ပြိုလဲသွားနိုင်သည့် အန္တရာယ် များလည်း

ကြီးမားလာပါသည်။ ကမ္ဘာ့ဘဏ်၏ စောင့်ကြည့်လေ့လာမှုတစ်ခု ဖြစ်သော East Asia and Pacific Economic Update (၂၀၂၁ ဧပြီလ) တွင် ကမ္ဘာ့ဘဏ်မှ ခန့်မှန်းထားသည်မှာ အလုပ်အကိုင်နှင့်ဝင်ငွေ ကြီးမားစွာ ဆုံးရှုံးရမှုများ၊ အစိုးရမှ ဝင်ငွေဆုံးရှုံးမှုများနှင့် လျော်ညီစွာ ကယ်ဆယ်ထောက်ပံ့မှုများ ပြုလုပ်ပေးနိုင်မှုမရှိခြင်း၊ ကုန်ထွက် (output) ကျဆင်းမှုကို ကာမိ ထေမိစေလောက်သော စီးပွားရေးပြန်လည်နိုးဆွမှု အစီအစဉ်များ မရှိခြင်းနှင့် ပြည်သူ့ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများကို အရှိန်မြှင့်၍ တိုးတက်ဆောင်ရွက်ပေးနိုင်မှုမရှိခြင်းတို့ ပေါင်းစပ်၍ ဖြစ်ပေါ်လာသော ရလဒ်အဖြစ် ၂၀၂၁ ခုနှစ်တွင် နိုင်ငံ၏ စီးပွားရေးသည် ၁၀ ရာခိုင်နှုန်း ကျဆင်းသွားမည်ဟု ဆိုပါသည်။[1] စီးပွားရေးလုပ်ဆောင်မှုများအား ယိုင်နဲ့ပျက်ပြားစေသော အခက်အခဲအကျပ်အတည်းမှုများ တစ်ပြိုင်နက်တည်းပေါ်ပေါက်လျက်ရှိကြောင်း မီဒီယာများ တွင် တွေ့မြင်နေရပါသည်။ ထိုအခက်အခဲများထဲတွင် ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ ဘဏ် လုပ်ငန်းများ ရပ်ဆိုင်းသွားမှုလည်း ပါဝင်ပြီး ထိုသို့ရပ်ဆိုင်းသွားမှုက စီးပွားရေးလုပ်ငန်းများ လည်ပတ်မှုနှင့် ချေးငွေရရှိနိုင်မှုအပေါ် ဆိုးရွားပြင်းထန်စွာ ထိခိုက်စေခဲ့ပါသည်။ ထို့မျှသာမက မြန်မာ့ကုန်သွယ်ရေး၏ ၈၀ ရာခိုင်နှုန်းခန့်သည် ပင်လယ်ရေကြောင်းမှ ကုန်သွယ်ပို့ဆောင်နေ ခြင်းဖြစ်ပြီး ပင်လယ်ဆိပ်ကမ်းများရှိ ကုန်သွယ်မှုပမာဏသည် စစ်တပ်မှ အာဏာသိမ်းယူပြီး နောက် အစိုးရ ကုန်ပစ္စည်းအကောက်ခွန်ရှင်းလင်းမှု (clearance) တွင် နှောင့်နှေးမှုများ ဖြစ်ပေါ်ခြင်း၊ နိုင်ငံ ရေးမတည်မငြိမ်ဖြစ်မှုကြောင့် သယ်ယူထောက်ပံ့ပို့ဆောင်မှုများ (logistics) ပျက်ပြားခြင်း၊ သင်္ဘောလိုင်းများ ယာယီရပ်ဆိုင်းခြင်းနှင့် အခြားအကြောင်းအချက်များကြောင့် နှစ်လအတွင်း ၅၅ ရာခိုင်နှုန်းမှ ၆၄ ရာခိုင်နှုန်းကြား ကျဆင်းသွားသည်ဟု UNDP မှ ခန့်မှန်းပါသည်။[2] မြန်မာ နိုင်ငံသည် စီးပွားရေးတစ်ခုလုံး ပြိုလဲသွားမည့် အခြေအနေသို့ ဦးတည်နေကြောင်း အဆိုပါ အစီရင်ခံတင်ပြမှုများအားလုံးက ညွှန်ပြလျက်ရှိပါသည်။

**ဖြစ်ပေါ်လာသည့် အခြေအနေများကြောင့် အိမ်ထောင်စုဝင်ငွေများ ထိခိုက်မှုပေါ်မူတည်၍ စစ်အာဏာသိမ်းမှု၏ အကျိုးသက်ရောက်မှုများကို ခန့်မှန်းတွက်ချက်ရန်အတွက် အနာဂတ်ဖြစ် နိုင်ခြေ (scenarios) နှစ်ခု (အကောင်းဆုံးကို မျှော်လင့်၍ ခန့်မှန်းထားသော ဖြစ်နိုင်ခြေနှင့် အဆိုးဆုံးကို မျှော်လင့်၍ ခန့်မှန်းထားသော ဖြစ်နိုင်ခြေ) ကို ဖော်ထုတ်ခဲ့ပါသည်။ ဘေးဒုက္ခ ဖြစ်ပေါ်မှု သဘာဝအရ ယာယီသာ ဖြစ်လိမ့်မည်ဟု ယူဆရသော ကိုဗစ်-၁၉ နှင့် ကွဲပြားစွာ အာဏာသိမ်းမှုနှင့်စပ်လျဉ်း၍ ခန့်မှန်းဖော်ထုတ်ထားသော အနာဂတ်ဖြစ်နိုင်ခြေ နှစ်မျိုးစလုံး တွင် စားသုံးမှုပုံစံများ ကာလရှည်ကြာ အကျဘက်သို့ ဦးတည်နေမည်ဟု ယူဆရပါသည်။ အဆိုးဆုံးကို မျှော်လင့်၍ ခန့်မှန်းထားသော ဖြစ်ရပ်တွင် ဆင်းရဲနွမ်းပါးမှုနှုန်းသည် မြန်မာနေထိုင်မှု အခြေအနေ စစ်တမ်း၊ ၂၀၁၇ မှ ကိန်းဂဏန်းကို အခြေခံအဖြစ်ထား၍ နှိုင်းယှဉ်ကြည့်လျှင် နှစ်ဆနီးပါး မြင့်တက်လာနိုင်သည်ဟု ခန့်မှန်းသဖြင့် ၂၀၀၅ ခုနှစ်က အခြေအနေသို့ ပြန်လည် ရောက်ရှိသွားခြင်း ဖြစ်သည်ဟု ဆိုနိုင်ပါသည်။**

**ကိုဗစ်-၁၉ နှင့် နိုင်ငံရေးအကျပ်အတည်းတို့ ပေါင်းစပ်၍ ဖြစ်ပေါ်လာသည့် သက်ရောက်မှုဒဏ်ကို အပြင်းထန်ဆုံး ခံစားရမည့်သူများမှာ အမျိုးသမီးများနှင့် ကလေးများ ဖြစ်လိမ့်မည်ဟု ခန့်မှန်း ရပါသည်။** ကိုဗစ်-၁၉ ၏ သက်ရောက်မှုများသည် အရပ်သားအစိုးရအား ဖြုတ်ချမှု၏ ရိုက်ခတ် မှုများကြောင့် ပိုမို

---

[1] https://www.worldbank.org/en/region/eap/publication/uneven-recovery-east-asia-and-pacific-economic-update-april-2021

[2] https://www.spglobal.com/platts/en/market-insights/latest-news/agriculture/031621-feature-myanmar-protests-reduce-imports-as-shipping-lines-suspend-operations

ကြီးမားပြင်းထန်လာသဖြင့် မြို့ပြဆင်းရဲနွမ်းပါးမှုနှုန်းသည် များစွာပို၍ မြင့်မားလာဖွယ်ရှိနေပါသည်။ အကြောင်းမှာ ဆင်းရဲနွမ်းပါးသည်ဟု သတ်မှတ်သည့် မျဉ်းအနီးသို့ ရောက်ရှိနေသူများ (near poor) အတွက် ဝင်ငွေဖန်တီးမှုလုပ်ငန်းများ အများဆုံးတည်ရှိနေသော မြို့ပြဒေသများသည် ကမ္ဘာ့ကပ်ရောဂါ စတင်ဖြစ်ပွားပြန့်ပွားရာ နေရာများ ဖြစ်နေခြင်း၊ အပြင်းထန်ဆုံး အကြမ်းဖက်ဖြိုခွင်းမှုများ ပြုလုပ်နေသည့် နေရာများ ဖြစ်နေခြင်းဟူသည့် အချက်နှင့် ဆက်စပ်နေပါသည်။ ကလေးသူငယ်ဆင်းရဲ နွမ်းပါးမှုသည် ဆက်လက်မြင့်မားနေမည်ဟု ခန့်မှန်းပြီး အဆိုးဆုံး ဖြစ်နိုင်ခြေခန့်မှန်းချက်တွင် ကလေးများ၏ ထက်ဝက်ကျော်သည် ဆင်းရဲနွမ်းပါးစွာ နေထိုင်ကြရမည်ဟု ခန့်မှန်းထားပါသည်။ ဤသည်က ဆင်းရဲနွမ်းပါးသော မိဘများမှ မွေးဖွားလာသော သားသမီးများသည်လည်း ဆင်းရဲတွင်းမှ ရုန်းမထွက်နိုင်ဘဲ ကြီးပြင်းလာနိုင်ခြေ (intergenerational transmission of poverty) ကို ပိုမို များပြားစေမည် ဖြစ်ပါသည်။ ကျောင်းများ ဆက်လက်ပိတ်ထားနိုင်ခြေ ရှိနေခြင်းကြောင့်လည်း ဤအခြေအနေကို ပို၍ဆိုးရွားစေနိုင်ပြီး နောင်အနာဂတ်မျိုးဆက်၏ လူသားအရင်းအနှီးအပေါ် ပြင်းထန်ဆိုးရွားစွာ ထိခိုက်စေနိုင်ပါသည်။ ထို့အပြင် ပိုမိုဆိုးရွားလာသည့် ဘေးဒုက္ခများသည် အထူးသဖြင့် အမျိုးသမီးများအပေါ် ပို၍ သက်ရောက်နိုင်ဖွယ်ရှိပါသည် (နဂိုမူလကပင် အမျိုးသမီးဦးစီးသော အိမ်ထောင်စုများသည် ဆင်းရဲနွမ်းပါးနိုင်ခြေ ပိုများပါသည်)။ အဓိကအကြောင်းရင်းမှာ မြန်မာနိုင်ငံရှိ အမျိုးသမီးများ အများဆုံးလုပ်ကိုင်နေကြသည့် အလုပ်အကိုင်အမျိုးအစားနှင့် လုပ်ငန်းကဏ္ဍများကြောင့် ဖြစ်ပါသည်။ ထိုကဲ့သို့ နဂိုမူလကတည်းက ရှိနှင့်နေပြီးဖြစ်သော ထိခိုက်လွယ်မှုများ ပို၍ကြီးမားပြင်းထန်လာမှုကြောင့် အိမ်ထောင်စုဝင်ငွေနှင့် လူမှုဘဝဖူလုံပြည့်စုံမှု၊ လူမှုရေးဝန်ဆောင်မှုများ၊ အထူးသဖြင့် ကျန်းမာရေးနှင့် ပညာရေး ဝန်ဆောင်မှုများအား လက်လှမ်းမီအသုံးပြုနိုင်မှုနှင့် အကျိုးကျေးဇူး ခံစားခွင့် ရရှိနိုင်မှုတို့အပေါ် ပြင်းပြင်းထန်ထန် ထိခိုက်စေမည်ဆိုသည်မှာ သံသယဖြစ်ဖွယ်ရာ မရှိပါ။

**ဆိုးရွားပြင်းထန်လာသော ဘေးဒုက္ခအန္တရာယ်များ၏ လူမှုစီးပွားဆိုင်ရာ သက်ရောက်မှုများကို ကနဦး နားလည်သိရှိနိုင်စေရန် အထက်ဖော်ပြပါ ခန့်မှန်းချက်များက ကူညီပေးနိုင်ပါသည်။ သို့သော်လည်း မြေပြင်ရှိ အခြေအနေများမှာ လျှင်မြန်စွာ ပြောင်းလဲဖြစ်ပေါ်နေသည်နှင့်အညီ တစ်သမတ်တည်း တည်ငြိမ်နေမည် မဟုတ်ဘဲ ပုံမှန်စောင့်ကြည့်လေ့လာသွားဖို့ လိုအပ်မည် ဖြစ်သည်။** UNDP **သည် ယခုအစီရင်ခံစာတွင် တင်ပြထားသော အချက်အလက်များ၊ ယူဆချက် များနှင့် အပြီးသတ်ခန့်မှန်းချက်များကို ဆက်လက် စိစစ်လေ့လာသွားမည်ဖြစ်ပါသည်။ ဤအစီ ရင်ခံစာတွင် ထောက်ပြထားသည့်အတိုင်း အခြေအနေများမှာ လျှင်မြန်စွာ ပြောင်းလဲဖြစ်ပေါ်နေ သည်နှင့်အညီ ခန့်မှန်းချက်များကို ညှိနှိုင်းပြင်ဆင်ပေးရန် လိုအပ်ကောင်း လိုအပ်လာနိုင်ပါသည်။ အထူးသဖြင့် အခြေအနေများ ယခုထက်ပို၍ ဆိုးရွားလာပါက ပြင်ဆင်ချက်များ ပြုလုပ်ရန် ပို၍ လိုအပ်မည်ဖြစ်သည်။ စောင့်ကြည့်လေ့လာမှုများ ဆက်လက်ပြုလုပ်၍ ခန့်မှန်းချက်များ ညှိနှိုင်းပြင်ဆင်ရန်အတွက်** UNDP **အနေဖြင့်** (‘pulse surveys’ **ဟု ခေါ်သည့် ပုံမှန်ဆောင် ရွက်သော စစ်တမ်းတိုလေးများနှင့် စက်မှုလုပ်ငန်းကဏ္ဍဆိုင်ရာ ညွှန်ကိန်းများကို** ရနိုင်သမျှ **အသုံးပြု၍)** **အချက်အလက်စုဆောင်းခြင်းကို ပုံမှန်ပြုလုပ်ကာ နောက်ဆုံးရ အချက်အလက်များ ကို ထည့်သွင်းဖြည့်စွက်ပြင်ဆင်ပေးသွားရန် စီစဉ်ထားပါသည်။**

**ယခုအချိန်တွင် ရရှိနိုင်သည့် အချက်အလက်များနှင့် အထောက်အထားများအရ ကြိုတင်မှန်းဆ ကြည့်နိုင်သည့် အနာဂတ်လားရာပေါ်တွင် အခြေခံ၍ ရှင်းလင်းစွာ သိရှိနိုင်သည့်အချက်မှာ မြန်မာ နိုင်ငံသည် ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးတွင် ဆယ်စုနှစ်တစ်စုကြာ ခက်ခက်ခဲခဲ ကြိုးပမ်း အားထုတ်၍ ရရှိထားသော**

**တိုးတက်အောင်မြင်မှုများကို ဆုံးရှုံးသွားနိုင်သည့် အန္တရာယ်ရှိနေပြီး SDG ပန်းတိုင်များ ပြည့်မီရေး သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြန်လည်အဖတ်ဆည်နိုင်ရန် ခက်ခဲမည့် လူသားဖွံ့ဖြိုးမှုနိမ့်ကျသွားမှုများ ဖြစ်ပေါ်လျက်ရှိသည်ကို မြင်တွေ့နေရ ပါသည်။** စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ မူဝါဒများနှင့်စပ်လျဉ်း၍ ပြုပြင်ပြောင်းလဲမှုများကို စောလျင်စွာ အရေးယူဆောင်ရွက်နိုင်ခြင်း မရှိပါက ၂၀၃၀ ပြည့်နှစ်တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ ပြည့်မီရေး မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်ခဲ့မှုများအားလုံး အချဉ်းနှီးဖြစ်ကာ ထိုပန်းတိုင်များနှင့် များစွာ အလှမ်းဝေးသွားမည်ဖြစ်ပါသည်။

## မြန်မာနိုင်ငံအခြေအနေနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂအဖွဲ့၏ ရပ်တည်ချက်များ

ကုလသမဂ္ဂ (UN) အထွေထွေအတွင်းရေးမှူးချုပ် (SG) သည် “မြန်မာနိုင်ငံရှိ စစ်တပ်၏ ရက်စက်စွာ အကြမ်းဖက်မှုများ ဆက်လက်ပြုလုပ်နေမှု” ကို ရှုတ်ချထားပါသည်။ မကြာမီက ထုတ်ပြန်ခဲ့သော UN SG ၏ ထုတ်ပြန်ချက်များတွင် ၎င်းသည် မြန်မာပြည်သူများနှင့်အတူ ရပ်တည်လျက်ရှိကြောင်းနှင့် မြန်မာပြည်သူများ၏ တည်ငြိမ်အေးချမ်း၍ ဝပြောစည်ပင်သော မြန်မာနိုင်ငံကို တည်ဆောက်လိုသည့် ပြင်းပြသော စိတ်ဆန္ဒအား ထောက်ခံအားပေးကြောင်း ထပ်လောင်း ပြောကြားထားပါသည်။ [1]

ကုလသမဂ္ဂလုံခြုံရေးကောင်စီကလည်း မြန်မာပြည်သူများနှင့် ၎င်းတို့၏ နိုင်ငံတော် အချုပ် အခြာအာဏာ၊ နိုင်ငံရေးသီးခြားလွတ်လပ်မှု၊ နယ်မြေဒေသ တည်တံ့ခိုင်မြဲမှုနှင့် ပေါင်းစည်း ညီညွတ်မှုတို့အတွက် ဆုံးဖြတ်ချက် ခိုင်မာစွာ ကြိုးပမ်းဆောင်ရွက်နေမှုများကို ထောက်ခံ အားပေးကြောင်း ထပ်လောင်းအတည်ပြုထားပါသည်။ [2].

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ထုတ်ပြန်ချက်နှစ်ခုကို (၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့နှင့် မတ်လ ၁၀ ရက်နေ့တို့တွင်) ဆက်တိုက် ထုတ်ပြန်ခဲ့ရာ မြန်မာနိုင်ငံရှိ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုကို ဆက်လက်ထောက်ခံအားပေးနေကြောင်း ဖော်ပြပါရှိပြီး ဒီမိုကရေစီ အဖွဲ့အစည်းစနစ်များနှင့် လုပ်ငန်းစဉ်များအတိုင်း လိုက်နာစောင့်ထိန်းလုပ်ဆောင်ရန် လိုအပ် ကြောင်း အလေးပေး ဖော်ပြထားပါသည်။ လုံခြုံရေးကောင်စီသည် အမျိုးသမီးများ၊ လူငယ် များနှင့် ကလေးများအပါအဝင် ငြိမ်းချမ်းစွာ ဆန္ဒပြနေသူများအား အကြမ်းဖက်ခြင်းကို ပြင်းထန်စွာ ရှုတ်ချထားပါသည်။

ထို့ပြင် ဒေသတွင်းအဖွဲ့အစည်းများ၊ အထူးသဖြင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) နှင့် ၎င်း၏ မြန်မာနိုင်ငံအား အပြုသဘောဆောင်၍ ငြိမ်းချမ်းသော နည်းလမ်းဖြင့် ကူညီပေးရန် အသင့်ရှိမှုကိုလည်း ထောက်ခံအားပေးကြောင်း ကုလသမဂ္ဂအဖွဲ့မှ ထုတ်ဖော် ပြောကြားထားပြီး ဖြစ်သည်။ [3]

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကလည်း “နိုင်ငံတကာမှ စည်းလုံးညီညာစွာ ပြတ် ပြတ်သားသား တုံ့ပြန်ဆောင်ရွက်ရန်” နှင့် “အခြေခံလူ့အခွင့်အရေးများကို ချိုးဖောက်နေ ခြင်းအား အဆုံးသတ်ရန်၊ ဒီမိုကရေစီလမ်းကြောင်းသို့ ပြန်သွားရန်” တိုက်တွန်းထားပါသည်။ [4] အထွေထွေအတွင်းရေးမှူးချုပ်၏ တိုက်တွန်းချက်များကို ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီး၏ ထုတ်ပြန်ချက်တွင်လည်း ထပ်လောင်း အတည်ပြုဖော်ပြ ထားပါသည်။ [5]

အထွေထွေအတွင်းရေးမှူးချုပ်မှ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ် တာဝန်ပေးထားသော Christine Schraner Burgener ကလည်း အထွေထွေညီလာခံနှင့် လုံခြုံ ရေးကောင်စီတို့တွင် မြန်မာနိုင်ငံ၏ အခြေအနေကို ရှင်းလင်းတင်ပြပေးခဲ့ပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါ ရီလ (၁) ရက်နေ့နောက်ပိုင်း ဖြစ်ရပ်များကို ပြင်းထန်စွာ ရှုတ်ချသည့် ထုတ်ပြန် ချက်များကိုလည်း ထုတ်ပြန်ခဲ့ပါသည်။ ဤအစီရင်ခံစာကို ရေးသားနေစဉ်တွင် သူမသည် အာဆီယံဒေသသို့ ရောက်ရှိနေပြီဖြစ်ကာ အဓိကပါဝင်ကူညီပေးမည့် ပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးနေပြီး ထိရောက်သည့် နိုင်ငံတကာ တုံ့ပြန်ဆောင်ရွက်မှုနှင့် စည်းလုံးညီညွတ်သည့် ဒေသတွင်း အားထုတ်လုပ်ဆောင်မှုများ ရရှိရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။ သူမသည် မြန်မာနိုင်ငံသို့ တတ်နိုင်သမျှ အမြန်ဆုံး လာရောက်ခွင့်ရရန်လည်း အသင့်ရှိ နေပါသည်။ [6]

## ၁။ ဖွံ့ဖြိုးတိုးတက်မှုဆီသို့ လျှောက်လှမ်းရာ ထိခိုက်ကျိုးပျက်လွယ်သည့်လမ်းကြောင်း

၂၀၁၁ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံသည် နယ်စပ်ဒေသများတွင် ငြိမ်းချမ်းရေး ရရှိရေး၊ ဒီမိုကရေ စီနည်းကျ အုပ်ချုပ်ရေးလုပ်ငန်းစဉ်သို့ ပြောင်းလဲကျင့်သုံးရေးနှင့် ဈေးကွက်စီးပွားရေးစနစ် တည်ထောင်ရေးဟူသည့် အသွင်ကူးပြောင်းမှုသုံးခုကို စတင်လုပ်ဆောင်ခဲ့ပါသည်။[3]

စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် ကုန်သွယ်ရေး ဖြေလျှော့ပေးမှုတို့ကြောင့် နိုင်ငံစီးပွားရေးသည် တစ်နှစ်လျှင် ပျမ်းမျှ ၇ ရာခိုင်နှုန်းဖြင့် လျှင်မြန်စွာ တိုးတက်လာခဲ့ရာ အရှေ့အာရှ–ပစိဖိတ်ဒေသ နှင့် တစ်ကမ္ဘာလုံးတွင် စီးပွားရေး တိုးတက်မှုနှုန်း အမြင့်မားဆုံး နိုင်ငံများထဲ၌ ပါဝင်လာခဲ့ပါသည်။ GDP လျှင်မြန်စွာ တိုးတက်လာမှုနှင့်အတူ ဆင်းရဲနွမ်းပါးမှုနှုန်းသည်လည်း သိသိသာသာ ကျဆင်းလာရာ ၂၀၀၅ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှုနှုန်း ၄၈.၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ၂၄.၈ ရာခိုင်နှုန်းသာ ရှိပါတော့သည်။[4] နိုင်ငံတကာဆင်းရဲနွမ်းပါးမှုမျဉ်း (IPL) အမေရိကန် ဒေါ်လာ ၃.၂၀ (ဝင်ငွေအလယ်အလတ်ရှိသော နိုင်ငံများ၏ အောက်ပိုင်းအုပ်စုတွင် ပါဝင်သည့် နိုင်ငံအတွက် စံအဖြစ် သုံးစွဲသောမျဉ်း၊ မြန်မာနေထိုင်မှု အခြေအနေစစ်တမ်း/ MLCS ၂၀၁၇) ကို အသုံးပြုတွက်ချက်သောအခါ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ စွမ်းဆောင်မှု များသည် ဒေသတွင်းရှိ အခြားနိုင်ငံများနှင့်တန်းတူ ရင်ဘောင်တန်းနိုင်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် ဝယ်ယူနိုင်စွမ်းအား ကွာခြားမှုနှုန်း (PPP) အရ မြန်မာနိုင်ငံ၏ လူတစ်ဦးချင်းစီအတွက် ပျမ်းမျှ GDP သည် အမေရိကန်ဒေါ်လာ ၅,၁၄၂ ရှိပါသည်။[5]

မြန်မာနေထိုင်မှုအခြေအနေစစ်တမ်း၊ ၂၀၁၇ အရ မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးမှုနှင့်စပ်လျဉ်း၍ ထူးခြားသည့် ဝိသေသလက္ခဏာအချို့ ရှိနေသည်ဟု ဆိုပါသည်။ ပထမဦးစွာ ဆင်းရဲနွမ်းပါးမှုသည် ကျေးလက်နှင့် မြို့ပြကြား ကွာခြားမှု ကြီးမားပြီး ကျေးလက်ဒေသများရှိ ဆင်းရဲနွမ်းပါးသူ အရေအတွက်သည် မြို့ပြဒေသများမှာထက် ၆.၇ ဆ ပိုများပါသည်။ ထို့ပြင် ဆင်းရဲနွမ်းပါးမှုနှုန်းသည် ပြည်နယ်/တိုင်းဒေသကြီးများကြား သိသိသာသာ ကွာခြားပြီး ချင်းပြည်နယ်နှင့် ရခိုင် ပြည်နယ်တို့တွင် ဆင်းရဲနွမ်းပါးမှု အမြင့်မားဆုံးဖြစ်ကာ တနင်္သာရီ၊ မန္တလေးနှင့် ရန်ကုန်တိုင်း ဒေသကြီးများတွင် ဆင်းရဲနွမ်းပါးမှု အနည်းဆုံး ဖြစ်ပါသည်။ ဘဏ္ဍာရေးဝန်ဆောင်မှုများ အသုံး ပြုမှုသည် မြန်မာနိုင်ငံတစ်ဝှမ်းတွင် နည်းပါးနေသေးသည်မှန်သော်လည်း ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများကြားတွင် ဘဏ္ဍာရေးဝန်ဆောင်မှု သုံးစွဲခြင်းက ပို၍ နည်းပါးလျက်ရှိပါသည်။ အိမ်ထောင်စုများအားလုံး၏ ငါးပုံတစ်ပုံအောက်ကသာ ဘဏ်ငွေစာရင်းတစ်ခု ပိုင်ဆိုင်ကြပါသည်။ ငွေချေးယူမှုနှုန်း မြင့်မားသော်လည်း ချေးငွေအများစုကို အလွတ်သဘော ချေးငွေထုတ်ပေးသည့် နေရာများမှ ရယူနေကြခြင်း ဖြစ်ပါသည်။ ထို့အပြင် လူမှုဘဝဖူလုံပြည့်စုံမှု နည်းပါးခြင်းနှင့်အတူ ရုတ်တရက် ဝင်ငွေလျော့နည်းဆုံးရှုံးမှုများကို ရင်ဆိုင်ဖြေရှင်းရန်အတွက် လိုအပ်သည့် ငွေဖြစ်လွယ်မှု သို့မဟုတ် စုဆောင်းငွေများ ရှိမှုတို့ နည်းပါးခြင်းနှင့် ဒွန်တွဲနေသည်ကိုလည်း တွေ့ရပါသည်။ ထို့ကြောင့် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများနှင့် ထိခိုက်လွယ်သော အိမ်ထောင်စုအများအပြားသည်

---

[3] https://www.undp.org/content/undp/en/home/librarypage/democratic-governance/conflict-prevention/do-fragile-and-conflict-affected-countries-prioritise-core-gover.html

[4] http://documents1.worldbank.org/curated/en/151001580754918086/pdf/Myanmar-Living-Conditions-Survey-2017-Socio-Economic-Report.pdf

[5] https://databank.worldbank.org/source/world-development-indicators

အလွတ်သဘော ငွေချေးပေးသည့် သူများ၊နေရာများမှ ချေးငွေ များကို မလွှဲမရှောင်သာ ရယူကြရပြီး ထိုချေးငွေများသည် များသောအားဖြင့် အတိုးနှုန်း အဆ မတန်မြင့်မားကာ တရားဥပဒေဆိုင်ရာ အကူအညီများ လိုအပ်ပါက အားကိုးအားထားပြုစရာ အခွင့်အလမ်းများလည်း မရှိကြပါ။[6]

မြန်မာနိုင်ငံသည် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတွင် တိုးတက်အောင်မြင်မှုများ ရရှိခဲ့သည်မှန် သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါ မဖြစ်ပွားမီက ရရှိနိုင်သမျှ အချက်အလက်များကို စိစစ် လေ့လာကြည့်သောအခါ မြန်မာနိုင်ငံရှိ သန်းနှင့်ချီသော လူများသည် ထိခိုက်လွယ်မှုရှိနေဆဲဖြစ်ပြီး ဘေးဒုက္ခအန္တရာယ်တစ်ခုခုနှင့် ရင်ဆိုင်ကြုံတွေ့ရပါက ဆင်းရဲတွင်းသို့ သက်ဆင်းနိုင်ခြေ မြင့်မားနေပါသည်။ ထိုကဲ့သို့သော ထိခိုက်လွယ်မှုများသည် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး ကြိုး ပမ်းရာတွင် စိန်ခေါ်မှုများကို ဖြစ်ပေါ်စေနိုင်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ (SDGs) ပြည့်မီရေးတွင်လည်း အဟန့်အတားများ ဖြစ်လာနိုင်ပါသည်။

- ၂၀၁၇ ခုနှစ်တွင် အိမ်ထောင်စုအများအပြားသည် ဆင်းရဲနွမ်းပါးမှုမျဉ်း၏ အထက်နားတွင် ကပ်လျက် ရှိနေကြပြီး ထိုမျဉ်း၏ အောက်သို့ အလွယ်တကူ ကျရောက်သွားနိုင်သည့် အခြေ အနေတွင် ရှိပါသည်။[7] ပို၍ တိကျစွာဆိုရလျှင် ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံလူဦးရေ စုစုပေါင်း၏ သုံးပုံတစ်ပုံခန့် (၃၂.၉ ရာခိုင်နှုန်း) သည် ဆင်းရဲနွမ်းပါးသူများမဟုတ်သော်လည်း ဆင်းရဲနွမ်းပါးမှုမျဉ်းအနီးသို့ ရောက်ရှိနေသူများ (near poor) ဖြစ်ကြပါသည်။[8]
- ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများတွင် အစားအစာအတွက် သုံးစွဲမှုစရိတ်အချိုးအစား၏ အလယ်ကိန်း (median share of food expenditures) သည် ပို၍မြင့်မားသောကြောင့် ပြင်ပ မှ အကျပ်အတည်းဘေးဒုက္ခတစ်ခု ရိုက်ခတ်လာပါက ရင်ဆိုင်ကျော်လွှားသည့် နည်းလမ်း တစ်ခုအဖြစ် စားသုံးမှုလျှော့ချခြင်းကို ပြုလုပ်ရန် စေ့ဆော်ပေးနိုင်ပါသည်။
- MLCS 2017 အရ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုနှုန်းသည် ကလေးရှိသော အိမ်ထောင်စုများတွင် ပို၍မြင့်မားသဖြင့် စားသုံးမှုလျှော့ချခြင်းကဲ့သို့သော နည်းလမ်းကို အသုံးပြု၍ ရင်ဆိုင်ကျော်လွှားရန် ကြိုးစားခြင်း၏ နောက်ဆက်တွဲရလဒ်အဖြစ် လက်ရှိအိမ်ထောင်စု၏ ကျန်းမာရေးကိုသာမက နောင်မျိုးဆက်၏ ကျန်းမာရေးနှင့် စွမ်းဆောင်ရည်များကိုပါ ထိခိုက်စေနိုင်ပါသည်။ ထိုအခါ လူသားအရင်းအနှီး (human capital) ၏ အရည်အသွေးဆုံးရှုံးမှုသည် ကြီးမားလိမ့်မည်ဟု ခန့်မှန်းတွက်ဆနိုင်ပါသည်။
- ၂၀၁၇ ခုနှစ်တွင် အလုပ်အကိုင်များကို အဓိကဖန်တီးပေးနေသည်မှာ စိုက်ပျိုးရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် ဆက်နွယ်သော လုပ်ငန်းများသာ ဖြစ်နေပါသေးသည်။ ဆင်းရဲနွမ်းပါးသူများ၏ ငါးပုံလေးပုံခန့်သည် စိုက်ပျိုးရေးနှင့် ဆက်စပ်သက်ဆိုင်သော အလုပ်များကို လုပ်ကိုင်နေကြပြီး

[6] http://documents1.worldbank.org/curated/en/151001580754918086/pdf/Myanmar-Living-Conditions-Survey-2017-Socio-Economic-Report.pdf

[7] ၂၀၁၇ ခုနှစ်တွင် နိုင်ငံအဆင့် ဆင်းရဲနွမ်းပါးမှုမျဉ်းသည် အရွယ်ရောက်သူတစ်ဦး၏ တစ်နေ့တာ ပျမ်းမျှစားသုံးမှုနှုန်း ၁,၅၉၀ ကျပ် (ကျပ်ငွေဖြင့် ဖော်ပြသော ၂၀၁၇ ခုနှစ် ပထမ သုံးလပတ်ဈေးနှုန်းများအရ) နှင့်ညီမျှပါသည်။ တစ်နေ့တာတွင် ၁,၅၉၀ ကျပ် သို့မဟုတ် ထို့ထက်နည်းသော စားသုံးမှုအဆင့်ရှိသူများကို ဆင်းရဲနွမ်းပါးသူအဖြစ် ယူဆပါသည်။

[8] အိမ်ထောင်စုတစ်စု၏ စားသုံးမှုအဆင့်သည် တစ်နေ့တာတွင် အရွယ်ရောက်သူတစ်ဦးအတွက် ဆင်းရဲနွမ်းပါးမှုမျဉ်း၏ ၁.၅ ဆ သို့မဟုတ် ၂,၃၈၅ ကျပ် (ကျပ်ငွေဖြင့် ဖော်ပြသော ၂၀၁၇ ခုနှစ် ပထမ သုံးလပတ်ဈေးနှုန်းများအရ) အောက်သို့ ရောက်ရှိနေပါ က မဆင်းရဲသော်လည်း အခြေခိုင်မာမှု မရှိသေးသော (non-poor but insecure) အိမ်ထောင်စုအဖြစ် သတ်မှတ်ပါသည်။

ဆင်းရဲနွမ်းပါးသူများ၏ ဝင်ငွေအများစု (လေးပုံတစ်ပုံကျော်) သည် စိုက်ပျိုးရေးကဏ္ဍမှ ရရှိသော ဝင်ငွေဖြစ်သည် (MLCS 2017)။ အဆိုပါအိမ်ထောင်စုများကြား ဆင်းရဲနွမ်းပါးမှုနှုန်း မြင့်မားရခြင်းမှာ ၎င်းတို့သည် ဝင်ငွေရရှိမှုအဆင့်နိမ့်သည့် စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်နေသည့်အချက်နှင့် များစွာဆက်စပ်နေပါသည်။ စိုက်ပျိုးရေးကဏ္ဍတွင် စီးပွားရေးလုပ်ငန်းအများစုမှာ ကျပန်းလုပ်ငန်းများဖြစ်နေသည့်အတွက် ဝန်ထမ်းခန့်ထားမှု စာချုပ်များချုပ်ဆိုခြင်း၊ လစာပြည့်ခွင့်ကဲ့သို့ အကျိုးခံစားခွင့်များပေးခြင်း၊ အလုပ်သမားအခွင့်အရေးများ ခံစားနိုင်ခြင်း သို့မဟုတ် လူမှုရေးအာမခံရရှိခြင်းတို့ အလွန်နည်းပါးပါသည်။ ထို့အပြင် ဤကဏ္ဍသည် ရာသီကိုလိုက်၍ လုပ်ကိုင်ရမှုများပြားပြီး ရာသီဥတုဆိုးရွားမှုဒဏ်အပေါ် မူတည်ပြီး ထိခိုက်လွယ်ပါသည်။

- အိမ်ထောင်စုများ (အထူးသဖြင့် ဆင်းရဲနွမ်းပါးမှုမျဉ်းအထက်နားတွင် ကပ်လျက်ရှိနေသော အိမ်ထောင်စုများ) ၏ ဝင်ငွေများထဲတွင် ကြီးမားသော အစိတ်အပိုင်းသည် လယ်ယာနှင့် မသက်ဆိုင်သော စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေများ ဖြစ်နေသော်လည်း ၎င်းဝင်ငွေ ရရှိအောင် လုပ်ကိုင်ရသည့် အလုပ်များသည် အာမခံချက် မရှိလှပါ။ MLCS 2017 မှ တွေ့ရှိချက်များအရ မြန်မာနိုင်ငံရှိ လယ်ယာနှင့်မသက်ဆိုင်သော စီးပွားရေးလုပ်ငန်းများတွင် လူတစ်ဦးတည်း တစ်နိုင်တစ်ပိုင်လုပ်ကိုင်သော လုပ်ငန်းမှစ၍ ဝန်ထမ်းများ ၄၁ရမ်းလုပ်ကိုင်သော ကုမ္ပဏီကြီးများအထိ အမျိုးမျိုးပါဝင်ပါသည်။ သို့သော် အများအပြားသည် အသေးစား လုပ်ငန်းများနှင့် ကျပန်းလုပ်ငန်းများသာ ဖြစ်နေပါသေးသည်။ ၂၀၁၇ ခုနှစ်အထိ လယ်ယာနှင့် မသက်ဆိုင်သော စီးပွားရေးလုပ်ငန်းများတွင် ၁၄.၁ ရာခိုင်နှုန်းသာလျှင် တရားဝင် မှတ်ပုံတင်ထားခြင်း ဖြစ်သဖြင့် ဤကဏ္ဍတွင် အလုပ်လုပ်သူများ၏ အလုပ်အကိုင်နှင့် စပ်လျဉ်း၍ အာမခံချက်ရှိမှုကို ပို၍နည်းပါးစေပါသည်။
- ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်ရန် နည်းလမ်းတစ်ခုဖြစ်သည့် အလုပ်အကိုင်ရရှိမှုသည် အမျိုးသမီးများကြားတွင် ပို၍ နည်းပါးနေပါသည်။ MLCS 2017 အရ အမျိုးသမီးများ၏ လုပ်သားအင်အားစုတွင် ပါဝင်နိုင်မှုနှုန်းသည် အမျိုးသားများထက် ၃၀ ရာခိုင်နှုန်း ပိုနည်း ပါသည်။ လူမှုယဉ်ကျေးမှုစံသတ်မှတ်ချက်များ၊ အိမ်မှုကိစ္စများနှင့် ကလေးပြုစုစောင့်ရှောက် ရမှုများသည် အမျိုးသမီးများ၏ လုပ်သားအင်အားစုတွင် ပါဝင်နိုင်ရေးအတွက် အဟန့်အ တားများဖြစ်ပြီး ယင်းသည် အမျိုးသမီးများနှင့် အမျိုးသမီးဦးစီးသော အိမ်ထောင်စုများ၏ ထိခိုက်လွယ်မှုကို တိုးပွားစေပါသည်။ လုပ်သားအင်အားတွင် ပါဝင်ခြင်းမရှိသော အမျိုး သမီးအများအပြားသည် အလုပ်လုပ်လိုသော ဆန္ဒရှိကြသော်လည်း ဈေးကွက်နှင့် ကိုက် ညီသည့် ကျွမ်းကျင်မှုများ မရှိခြင်း၊ အလုပ်ရှာရန် အချိန်မရှိခြင်းတို့အပါအဝင် ကန့်သတ် ချက်များ ရင်ဆိုင်ကြုံတွေ့ရသဖြင့် ယင်းကလည်း အမျိုးသမီးဦးစီးသော အိမ်ထောင်စုများ၏ ထိခိုက်လွယ်မှုကို မြင့်မားစေပြန်ပါသည်။
- အိမ်ထောင်စုဝင်ငွေစုစုပေါင်းတွင် လွှဲပို့ငွေများ၏ အချိုးအစား(ဆယ်ပုံတစ်ပုံအောက်)သည် မများလှသော်လည်း လွှဲပို့ငွေများသည် ဆင်းရဲနွမ်းပါးမှုမျဉ်းအနီး ရောက်ရှိနေသော (near poor) အိမ်ထောင်စုများ၏ ဝင်ငွေကို များစွာ အထောက်အကူပြုပြီး ဆင်းရဲနွမ်းပါးမှု မရှိသော အိမ်ထောင်စုများ၏ ဝင်ငွေကို တိုးပွားမြင့်မားစေပါသည်။ လွှဲပို့ငွေများသည် နိုင်ငံရေး၊ ကျန်းမာရေး သို့မဟုတ် စီးပွားရေးအကျပ်အတည်းများကဲ့သို့ အနှောင့်အယှက် အဟန့် အတားများကို အလွန်အကဲဆတ်ပြီး ပုံမှန်လွှဲပို့ငွေ စီးဆင်းမှုအား အနှောင့်အယှက်ဖြစ်စေသည့် ဖြစ်ရပ်မှန်သမျှသည် ထိုငွေများအပေါ် မှီခိုနေရသည့် အိမ်ထောင်စုများ၏ ထိခိုက်လွယ်မှုကို တိုးပွားစေပါသည်။[9]

[9] https://assets.publishing.service.gov.uk/media/57a089ede5274a27b200031b/wp1413.pdf

## ၂။ ကိုဗစ်-၁၉ ၏ ရိုက်ခတ်မှု

၂၀၂၀ ပြည့်နှစ် ဩဂုတ်လအထိ မြန်မာနိုင်ငံသည် အရှေ့အာရှနှင့် ပစိဖိတ်ဒေသတွင် ကိုရိုနာ ဗိုင်းရပ်စ် ကူးစက်မှုနှုန်း အနည်းဆုံးနိုင်ငံများထဲတွင် ပါဝင်ခဲ့ပါသည်။ သို့သော် ဤသည်မှာ ရောဂါပိုးစစ်ဆေးနိုင်မှုအတိုင်းအတာ နည်းပါးခြင်းနှင့် ဆက်စပ်ကောင်း ဆက်စပ်နေနိုင်ပါသည်။ သို့သော် ထိုနှစ်၏ နောက်ဆုံးသုံးလပတ်ကာလသို့ ရောက်ရှိလာချိန်တွင် တရားဝင် ထုတ်ပြန်သော ရောဂါကူးစက်ခံရသည့် လူနာအရေအတွက်သည် တဟုန်ထိုး စတင်မြင့်တက်လာပါသည်။ ဤသည်မှာလည်း တစ်စိတ်တစ်ဒေသအားဖြင့် ရောဂါပိုးစစ်ဆေးနိုင်မှုအခြေအနေ တိုးတက်လာခြင်းကြောင့် ဖြစ်နိုင်ပါသည်။[10]

ယေဘုယျအားဖြင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှစတင်၍ အစိုးရမှ ဆက်တိုက်ပြဋ္ဌာန်းခဲ့သော ရောဂါထိန်းချုပ်ရေးနှင့် သက်သာလျော့ပါးရေး စည်းကမ်းချက်များသည် ဗိုင်းရပ်စ်ပိုး ကူးစက် ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ခဲ့ပါသည်။ သို့သော် ထိုစည်းကမ်းချက်များသည် စီးပွားရေးလုပ်ငန်း များလည်ပတ်မှုကို ထိခိုက်ပျက်ပြားစေခဲ့ပါသည်။ လက်လီအရောင်းဆိုင်များနှင့် ကုန်ပစ္စည်း ထုတ်လုပ်သည့် ကုမ္ပဏီများသည် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာသည့် ထုတ်လုပ်မှုကွင်းဆက် ပျက်ပြားပြတ်တောက်မှုများကြောင့် ထိခိုက်ဆုံးရှုံးမှုများရှိခဲ့ပြီး စီးပွားရေးနှင့် ကုန်သွယ်ရေး ကဏ္ဍအချို့သည် ရပ်တန့်လုနီးပါး ဖြစ်သွားခဲ့ပါသည်။ ထို့မျှသာမက ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ လအထိ နိုင်ငံရပ်ခြားမှ နေရပ်ပြန်လာသော ရွှေ့ပြောင်းလုပ်သားအရေအတွက်သည် ၄၂၀,၀၀၀ ကျော် ရှိခဲ့ပါသည်။[11] ထို့အပြင် ကိုဗစ်-၁၉ ၏ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး ထိခိုက်မှုများကြောင့် မြန်မာနိုင်ငံမှ တင်ပို့ကုန်များအတွက် ဝယ်လိုအားများ ကျဆင်းခဲ့ပြီး နိုင်ငံ၏ စီးပွားရေးအပေါ် ဆင့်ပွားရိုက်ခတ်မှုတစ်ခု ဖြစ်လာခဲ့ပါသည်။[12]

အိမ်ထောင်စုထိခိုက်လွယ်မှုစစ်တမ်း (HVS; 2020) မှလည်း အရေးကြီးသည့် တွေ့ရှိချက်အချို့ ထွက်ပေါ်လာပြီး ၎င်းတို့မှာ ဆင်းရဲတွင်းသို့ အလွယ်တကူကျရောက်သွားနိုင်မှု၊ SDG ပန်းတိုင်များ ပြည့်မီရေး နှောင့်နှေးစေမည့် အဟန့်အတားများနှင့် သက်ဆိုင်သော တွေ့ရှိချက်များ ဖြစ်ပါသည်။[13]

- နှစ်တစ်နှစ်၏ ကာလအပိုင်းအခြားတစ်ခုကို ယခင်နှစ်၏ တူညီသော ကာလအပိုင်းအခြားနှင့် နှိုင်းယှဉ်ကြည့်သောအခါ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်ကြားတွင် အိမ်ထောင်စုများထဲမှ အများစု (၈၃.၃ ရာခိုင်နှုန်း) သည် ပျမ်းမျှအားဖြင့် ဝင်ငွေကျဆင်းမှု ၄၆.၅ ရာခိုင်နှုန်း ရှိသည်ဟု ဆိုပါသည်။ ကိုဗစ်-၁၉ နှင့်

[10] https://www.csis.org/programs/southeast-asia-program/southeast-asia-covid-19-tracker-0

[11] ဗဟိုစာရင်းအင်းအဖွဲ့ (CSO) မှ စုစည်းထားသော အချက်အလက်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) မှ စုဆောင်း ရယူ၍ www.mmsdd.org တွင် ဖော်ပြထားသည်။

[12] https://www.worldbank.org/en/news/press-release/2020/06/25/myanmars-economy-severely-impacted-by-covid-19-report

[13] မူလရှိထားပြီးဖြစ်သော ထိခိုက်လွယ်မှုများအပေါ် ကိုဗစ်-၁၉ ၏ သက်ရောက်ပုံကို နားလည်သိရှိနိုင်ရန်အတွက် ၂၀၂၀ ပြည့် နှစ်တွင် UNDP နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အောက်ရှိ ဗဟိုစာရင်းအင်းအဖွဲ့တို့သည် အိမ်ထောင်စု ထိခိုက် လွယ်မှုစစ်တမ်း (HVS) ကို ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလနှင့် အောက်တိုဘာလများအတွင်း အိမ်ထောင် စုပေါင်း ၂,၀၁၆ စုကို ဖုန်းဖြင့် ဆက်သွယ်မေးမြန်းခဲ့ပါသည်။ အဆိုပါအိမ်ထောင်စုများအားလုံးသည် မြန်မာနေထိုင်မှုအခြေ အနေစစ်တမ်း(MLCS) ၊ ၂၀၁၇ တွင် ပါဝင်ဖြေဆိုပေးခဲ့သည့် အိမ်ထောင်စုများဖြစ်ပြီး ကိုဗစ်-၁၉ ကန့်သတ်ချက်များကြောင့် ၎င်းတို့၏ အခြေအနေများ မည်သို့ ပြောင်းလဲသွားကြောင်း လေ့လာသိရှိနိုင်ရန် ဒုတိယအကြိမ် တွေ့ဆုံမေးမြန်းခဲ့ခြင်း ဖြစ်ပါသည်။

စပ်လျဉ်းသည့် ကန့်သတ်ချက်များကြောင့် ဝင်ငွေကျဆင်းမှုကို ကြုံတွေ့ရသည့် အိမ်ထောင်စုရာခိုင်နှုန်းသည် ကြီးမားပါသည်။[14] ကျေးလက်နေ အိမ်ထောင်စုများနှင့် ကလေးရှိသော အိမ်ထောင်စုများက ဝင်ငွေဆုံးရှုံးကြောင်း ဖြေဆိုနိုင်ခြေ ပိုများပြီး ပျမ်းမျှအားဖြင့် ဝင်ငွေကျဆင်းမှုအတိုင်းအတာသည် မြို့ပြအိမ်ထောင်စု များကြားတွင် အကြီးမားဆုံး ဖြစ်သည်ကို တွေ့ရပါသည်။ [15]

- လယ်ယာနှင့်မသက်ဆိုင်သော အိမ်ထောင်စုစီးပွားရေးလုပ်ငန်းများ (ဈေးဆိုင်ဖွင့်သူများ၊ ဆံပင်ညှပ်သူများနှင့် စက်ချုပ်သူများ) သည် ဝင်ငွေကျဆင်းမှုအများဆုံး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးလုပ်ငန်းလည်ပတ်မှုများ နှေးကွေးသွားမှုက ထိုလုပ်ငန်းအမျိုးအစားများရှိ အလုပ်အကိုင်များ၏ အာမခံချက်မရှိသည့် အခြေအနေကို ပို၍ ဆိုးရွားစေပါသည်။ ကိုဗစ်-၁၉ မဖြစ်ပွားမီက ထိုလုပ်ငန်းအမျိုးအစားများ၏ ပျမ်းမျှဝန်ထမ်းအရေအတွက်သည် လေးဦးဖြစ်သော်လည်း ကပ်ရောဂါဖြစ်ပွားစဉ်အတွင်း ပျမ်းမျှအားဖြင့် ဝန်ထမ်းနှစ်ဦးသည် ယာယီအလုပ်ရပ်နားခံရပြီး တစ်ဦးသည် ဝင်ငွေလျော့နည်းမှုနှင့် ရင်ဆိုင်ခဲ့ရပါသည်။
- ကိုဗစ်-၁၉ ကန့်သတ်ချက်များကြောင့် လယ်ယာလုပ်ငန်းများသည်လည်း ထိခိုက်မှုရှိပါသည်။ သို့သော် ကပ်ရောဂါဖြစ်ပွားချိန်တွင် စိုက်ပျိုးရာသီကုန်ဆုံးပြီး လုပ်ငန်းအများစု ပြီး စီးပြီဖြစ်သဖြင့် သက်ရောက်မှုမှာ အတန်အသင့် နည်းပါးပါသည်။ ထို့ကြောင့် လယ်ယာ လုပ်ငန်းမှ ဝင်ငွေများ ကျဆင်းသွားမှုသည် အခြားအကြောင်းအချက်များနှင့် ပို၍ ဆက်စပ်မှု ရှိနိုင်ပါသည်။ မည်သို့ဆိုစေ ကိုဗစ်-၁၉ သည် စိုက်ပျိုးရေးကဏ္ဍတွင် မူလကတည်းက ရှိနေသည့် ထိခိုက်လွယ်မှုအချို့ကို ပိုဆိုးလာစေပါသည်။ ငွေသားစီးဆင်းမှု ပြတ်လပ်ခြင်းနှင့် ချေးငွေရရှိနိုင်မှု နည်းပါးခြင်းဟူသော အခက်အခဲများကို ကြုံတွေ့ရကြောင်း စိုက်ပျိုးရေး ကုမ္ပဏီများက အများဆုံး ပြောကြသဖြင့် ၎င်းတို့သည် စီးပွားရေးအကျပ်အတည်းများကို ထိခိုက်လွယ်မှုပိုများကြောင်း ထင်ရှားပေါ်လွင်စေပါသည်။[16]
- အခြားပြည်နယ်/တိုင်းဒေသကြီးတစ်ခုတွင် သွားရောက်အလုပ်လုပ်နေသည့် အိမ်ထောင်စုဝင် တစ်ဦးရှိသော အိမ်ထောင်စုအရေအတွက်သည် လျော့နည်းသွားသဖြင့် ပြည်တွင်းရွှေ့ ပြောင်းလုပ်သားများ၏ လွှဲပို့ငွေများလည်း ကျဆင်းသွားပါသည်။ ၂၀၂၀ ပြည့်နှစ် မတ်လ အတွင်း ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများ၏ ၉.၄ ရာခိုင်နှုန်းတွင် အခြားပြည်နယ်/ တိုင်းဒေသကြီးတစ်ခုသို့ သွားရောက်အလုပ်လုပ်ကိုင်နေသော အိမ်ထောင်စုဝင်တစ်ဦး ရှိခဲ့ သော်လည်း ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ/အောက်တိုဘာလတွင် ထိုကိန်းဂဏန်းသည် ၆.၈ ရာခိုင်နှုန်းသို့ ကျဆင်းသွားပါသည်။

[14] ဤတွေ့ရှိချက်သည် မကြာမီက အာဆီယံနိုင်ငံများတွင် ပြုလုပ်ခဲ့သော လေ့လာမှုတစ်ခုမှ ရလဒ်နှင့် ဆင်တူပါသည်။ ထိုလေ့လာမှုတွင် ကိုဗစ်-၁၉ ဖြစ်ပွားလာမှုနှင့်အတူ အိမ်ထောင်စုများ၏ လေးပုံသုံးပုံကျော်သည် ဝင်ငွေလျော့နည်းသွားကြောင်း တွေ့ရှိခဲ့ပါသည်။ ထို့အပြင် ဝင်ငွေကျဆင်းသွားသော အိမ်ထောင်စုများထဲတွင် အများစု (၃၃ ရာခိုင်နှုန်း) သည် ဝင်ငွေ ၂၆ မှ ၅၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားသည်ဟု ဆိုကြပြီး ၂၃ ရာခိုင်နှုန်းက ထက်ဝက်ကျော် ကျဆင်းသည်ဟု ဆိုပါသည်။ ဝင်ငွေ ၁ မှ ၂၅ ရာခိုင်နှုန်းအထိသာ အနည်းငယ်ကျဆင်းသွားသည်ဟု ဆိုသော အိမ်ထောင်စုမှာမူ ၁၆ ရာခိုင်နှုန်းသာရှိပါသည်။ https://www.adb.org/sites/default/files/publication/688271/adbi-wp1226.pdf

[15] https://www.mm.undp.org/content/myanmar/en/home/library/poverty/household-vulnerability-survey-2020.html

[16] http://documents1.worldbank.org/curated/en/469971600767580031/pdf/Summary-of-Results-from-Second-Round.pdf

## ၃။ ဆိုးရွားပြင်းထန်လာသော ဘေးဒုက္ခအန္တရာယ်နှင့် မြန်မာနိုင်ငံရှိ ဆင်းရဲ နွမ်းပါးမှုအပေါ် ၎င်း၏ သက်ရောက်မှုများ

၂၀၂၁ ခုနှစ် အစောပိုင်းတွင် ထိရောက်သော ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်တစ်ခု[17] ဆောင်ရွက်ပေးနိုင်တော့မည့် အလားအလာနှင့်အတူ ကပ်ရောဂါကာလအလွန် စီးပွားရေး ပြန်လည်နာလန်ထူလာတော့မည်ဟူသော မျှော်လင့်ချက်များ ထားရှိခဲ့ကြပါသည်။ IMF မှ ဇန်နဝါရီလ ကမ္ဘာ့စီးပွားရေးအလားအလာ (World Economic Outlook) ခန့်မှန်းတွက်ချက်မှုများအရ မြန်မာ နိုင်ငံသည် မကြာမီကာလအတွင်း နှစ်စဉ်ဖွံ့ဖြိုးတိုးတက်မှုနှုန်း ပျမ်းမျှ ၆ မှ ၇ ရာခိုင်နှုန်း ပြန်လည်ရရှိလာမည်ဟု ဖော်ပြထားပါသည်။[18]

သို့သော် ကပ်ရောဂါအလွန် ပြန်လည်ထူထောင်ရေး မျှော်လင့်ချက်များသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် ပျက်သုဉ်းသွားခဲ့ရပါသည်။ ထိုနေ့တွင် မြန်မာစစ်တပ်သည် နိုင်ငံ၏ အာဏာကို သိမ်းယူခဲ့ပြီး ဤအစီရင်ခံစာရေးသားနေချိန်တွင် အာဏာသိမ်းယူမှု၏ အကျိုးသက်ရောက်မှုများသည် နိုင်ငံတစ်ဝှမ်းလုံးကို ဂယက်ရိုက်စေလျက်ရှိပါသည်။ လက်ရှိဖြစ် ပေါ်နေသော အခြေအနေများကြောင့် ပြည်သူများ၏ နေထိုင်မှုအဆင့်အတန်းသည် အလွန်လျှင် မြန်သောနှုန်းဖြင့် ဆက်လက်ကျဆင်းသွားနိုင်မည့် အန္တရာယ်ရှိနေပြီး နိုင်ငံတွင်း နဂိုမူလက ရှိနေသည့် ထိခိုက်လွယ်မှုများကို ပို၍ ဆိုးရွားပြင်းထန်လာစေနိုင်ပါသည်။

အထက်ဖော်ပြပါအခြေအနေအရ အစီရင်ခံစာ၏ ဤအပိုင်းကို အောက်ပါရည်ရွယ်ချက်နှစ်ခုဖြင့် တင်ပြထားပါသည် – (၁) မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးမှုအပေါ် ကိုဗစ်-၁၉ နှင့် ယင်း နှင့် ဆက်စပ်သော စည်းမျဉ်းစည်းကမ်းများ၊ ကန့်သတ်ချက်များ၏ သက်ရောက်မှုနှင့်စပ်လျဉ်း၍ အရေးအတွက်စံပြု ခန့်မှန်းတွက်ချက်ထားမှုများကို ပြန်လည်မွမ်းမံပြင်ဆင်ရန်နှင့် (၂) ပထမ အကြိမ်တွေ့ရှိထားသော အချက်များပေါ်တွင် အခြေပြု၍ လက်ရှိနိုင်ငံရေးအကျပ်အတည်း၏ ဆင်းရဲနွမ်းပါးမှုအပေါ် သက်ရောက်မှုကို ခန့်မှန်းရန် ဖြစ်ပါသည်။

### ၃.၁။ မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးမှုအပေါ် ကိုဗစ်-၁၉၏ လူမှုစီးပွားဆိုင်ရာ ကွဲပြားစွာ သက်ရောက်မှုများ

ကိုဗစ်-၁၉ ၏ ဆင်းရဲနွမ်းပါးမှုအပေါ် သက်ရောက်မှုအား ဆန်းစစ်ရာတွင် ချဉ်းကပ်ဆောင် ရွက်နိုင်သည့် နည်းလမ်းနှစ်ခု ရှိပါသည်။ ကပ်ရောဂါမဖြစ်ပွားမီ (သို့မဟုတ် ဖြစ်ပွားစဉ်ကာလ အတွင်း) စုဆောင်းထားသော ရရှိနိုင်သမျှ အိမ်ထောင်စုစစ်တမ်းအချက်အလက်များပေါ်တွင် အားထားသည့် 'bottom-up' နည်းလမ်းနှင့် မေခရိုစီးပွားရေးနည်းလမ်းအထောက်အကူများ (ဥပမာ Computable Generalized Equilibrium model များ) ကို အသုံးပြု၍ ဘေးဒုက္ခ အန္တရာယ်တစ်ခု (ဥပမာ ကိုဗစ်-၁၉ ကဲ့သို့) ၏ ဆင်းရဲနွမ်းပါးမှုနှုန်းများအပေါ် သက်ရောက်မှု များကို ခန့်မှန်းတွက်ချက်သည့် 'top-down' နည်းလမ်းတို့ ဖြစ်ပါသည်။ ကပ်ရောဂါမတိုင်မီနှင့်

[17] ၂၀၂၁ ခုနှစ် ဇန်နဝါရီလ (၂၂) ရက်နေ့တွင် အစိုးရအတွက် အမျိုးသားအဆင့် ကာကွယ်ဆေးထိုးအစီအစဉ်အား စတင်ဆောင် ရွက်နိုင်ရန်အတွက် ကာကွယ်ဆေးများ မြန်မာနိုင်ငံသို့ ပထမအသုတ်အဖြစ် အချိန်မီ ရောက်ရှိလာခဲ့ပါသည်။ https://www.csis.org/programs/southeast-asia-program/southeast-asia-covid-19-tracker-0

[18] https://www.imf.org/en/Publications/WEO

ကပ်ရောဂါဖြစ်ပွားနေစဉ်ကာလနှစ်ခုစလုံးတွင် စုဆောင်းရရှိထားသော အချက်အလက်များစွာ ရှိနေသည်နှင့်အညီ အချက်အလက်များ စိစစ်လေ့လာမှုတွင် 'bottom-up' နည်းလမ်းကို အားထားခဲ့ပါသည်။ မြန်မာနေထိုင်မှုအခြေအနေစစ်တမ်း (၂၀၁၇) ၏ စိစစ်လေ့လာမှုများ အပေါ် အခြေခံ၍ အိမ်ထောင်စုထိခိုက်လွယ်မှုစစ်တမ်း (၂၀၂၀) ကို အသုံးပြုကာ ကျွန်ုပ်တို့၏ ယူဆချက်များနှင့် ခန့်မှန်းချက်များကို တိုက်ဆိုင်စစ်ဆေး အတည်ပြုမှုများ ဆက်လက်ပြုလုပ်ခဲ့ ပါသည် (စိစစ်လေ့လာမှုတွင် အသုံးပြုသည့် နည်းစနစ်နှင့် ယူဆချက်များအကြောင်း အသေး စိတ်တင်ပြချက်ကို

**နည်းပညာဆိုင်ရာ** နောက်ဆက်တွဲစာတမ်းတွင် လေ့လာဖတ်ရှုပါရန်)။

ကျွန်ုပ်တို့၏ လေ့လာစိစစ်မှုကို အောက်ပါ ရရှိနိုင်သမျှ သက်သေအထောက်အထားများပေါ်တွင် အခြေခံ၍ ပြုလုပ်ထားပါသည် –

- ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှစတင်၍ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု ထိန်းချုပ်ရေး ရည်ရွယ် သော စည်းကမ်းသတ်မှတ်ချက်အမျိုးမျိုး (ဥပမာ လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေခြင်း၊ လော့ဒေါင်းချခြင်း) ကို တင်းကျပ်မှုအတိုင်းအတာအမျိုးမျိုးဖြင့် ချမှတ်ခဲ့ပါသည် (**ပုံ–၁** ကို ကြည့်ရန်)။ အနည်းဆုံးနှစ်ဝက်ခန့်အကြာ HVS စစ်တမ်းကို ဆောင်ရွက်ခဲ့သည့်အချိန်အထိ ထိုစည်းကမ်းကန့်သတ်ချက်များကြောင့် ထိခိုက်ဆုံးရှုံးခဲ့သော ကဏ္ဍများတွင် ဝင်ငွေထိခိုက် ကျဆင်းမှုများ ရှိနေသေးကြောင်း တွေ့ရှိရပါသည်။

*ပုံ (၁)* – မြန်မာနိုင်ငံရှိ ကိုဗစ်–၁၉ ဖြစ်ပေါ်မှု အချိန်ကာလပြပုံ

| | |
|---|---|
| အောက်တိုဘာ ၁၉ | ကချင်ပြည်နယ်ရှိ မြို့နယ်နှစ်မြို့နယ်တွင် အိမ်တွင်သာ နေရန် ညွှန်ကြားချက် ထုတ်ပြန် |
| စက်တင်ဘာ ၂၉ | အင်န်တီဂျင် (အလျင်အမြန်) ရောဂါပိုးစစ်ဆေးမှု တစ်နိုင်ငံလုံးစတင် |
| ဩဂုတ် ၁၅– စက်တင်ဘာ ၂၅ | ဒုတိယလှိုင်းစတင် – ရန်ကုန်နှင့် ရခိုင်ပြည်နယ်အပြင် မွန်၊ ဧရာဝတီ၊ ပဲခူး နှင့် မန္တလေးရှိ မြို့နယ် (၁၁) မြို့နယ်တွင် လော့ဒေါင်းများ တဖြည်းဖြည်းပြန်ချ |
| မေ ၁၄ – ဇူလိုင် ၃၀ | ရန်ကုန်ရှိ လော့ဒေါင်းနှင့် အခြားသော လူစုလူဝေးကန့်သတ်ချက်များ ဖြေလျော့ – အထက်တန်းကျောင်း အချို့တစ်ဝက် ပြန်ဖွင့်၊ လူအများအပြား စုဝေးမှု ကန့်သတ်ချက် ဖြေလျှော့၊ ဖွန်လမကုန်မီ ရောဂါပိုးစစ်ဆေးမှုများကို ခေတ်ခွဲခန်းခြောက်ခုတွင် တိုးချဲ့ဆောင်ရွက်၊ |
| မေ ၁၆ | ဝင်ငွေပုံမှန်မရှိသော အိမ်ထောင်စုများအတွက် တစ်စုလျှင် ထောက်ပံ့ငွေ ၄၀,၀၀၀ ကျပ် (US$ ၃၁ ခန့်) ကို နှစ်သုတ်ခွဲ၍ ထောက်ပံ့မည်ဟု ကြေညာ၊ |
| မေ ၉ | EAO များနှင့် တစ်ဖက်သတ် အပစ်အခတ်ရပ်စဲရန် မြန်မာအစိုးရ ထုတ်ပြန်၊ ရခိုင်တပ်မတော်နှင့် တိုက်ခိုက်နေသော ဒေသများမပါဝင်၊ |
| ဧပြီ ၂၇ | ကိုဗစ်–၁၉ စီးပွားရေး ကုစားမှုအစီအစဉ် ထုတ်ပြန် |
| ဧပြီ ၂၂ | ကျန်းမာရေးကဏ္ဍအရေးပေါ်အစီအစဉ် ထုတ်ပြန် |
| ဧပြီ ၁၈ | ရန်ကုန်ရှိ မြို့နယ်အချို့တွင် လော့ဒေါင်းချ |
| ဧပြီ ၁၀–၁၈ | စားနပ်ရိက္ခာထောက်ပံ့ – သင်္ကြန်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား စားနပ်ရိက္ခာများ ထောက်ပံ့၊ |
| မတ် ၃၁ | ခရီးသွားလာမှုပိတ်ပင်ခြင်း – ကမ္ဘာ့နိုင်ငံများအားလုံးမှ ခရီးသွားများအား နိုင်ငံတွင်း ဝင်ရောက်ခွင့် ပိတ်ပင်၊ |
| မတ် ၂၃ | ပထမဆုံး ဓာတ်ခွဲအတည်ပြုလူနာ တွေ့ရှိ၊ |
| မတ် ၂၂ – ၂၄ | ရပ်ရွာအခြေပြု အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုမှုဌာနများ စတင် တည်ထောင်၊ မည်သည့်နိုင်ငံမှ လာရောက်လာသူမဆို ၁၄ ရက်ကြာ အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုမှုအား မဖြစ်မနေ ခံယူရန် သတ်မှတ်၊ ကျောင်းများ ပိတ်လိုက်၊ |
| မတ် ၁၈ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ စီးပွားရေးလုပ်ငန်းများ အတွက် အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများ ထုတ်ချေးမည့် အစီအစဉ် ကြေညာ၊ |
| ဖေဖော်ဝါရီ ၂၈ | ကြီးမားသည့်လူစုလူဝေး ပြုလုပ်ခွင့် ကန့်သတ်ခြင်း၊ |
| ဖေဖော်ဝါရီ ၂၀ | ရန်ကုန်ရှိ အမျိုးသားကျန်းမာရေးဓာတ်ခွဲခန်းမှ ရောဂါပိုးစစ်ဆေးမှု စတင်၊ |
| ဖေဖော်ဝါရီ ၁ | ခရီးသွားလာမှုပိတ်ပင် – တရုတ်နိုင်ငံမှ ခရီးသွားများအား ဆိုက်ရောက် ဗီဇာ ထုတ်ပေးမှု ရပ်ဆိုင်း၊ WHO မှ ကိုဗစ်–၁၉ အား နိုင်ငံတကာအတွက် စိုးရိမ်ရသည့် ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် ကြေညာ ပြီးသည့်နောက် ရန်ကုန်နှင့် တရုတ်နိုင်ငံကြား လေယာဉ်ခရီးစဉ်များ ရပ်ဆိုင်း၊ |
| ဇန်နဝါရီ ၄–၅ | တရုတ်နိုင်ငံ၊ ဝူဟန်မြို့ရှိ အကြောင်းရင်း မသိရသော အဆုတ်ရောင်ရောဂါ လူနာများအကြောင်း MOHS ထံ WHO မှ သတိပေးပြီးသည့်နောက် နယ်စပ် ဝင်ပေါက်များတွင် စောင့်ကြည့်စစ်ဆေးခြင်းနှင့် သတင်းအချက်အလက် များ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အသိပေးခြင်းများ အပါအဝင် မြန်မာနိုင်ငံတွင် ကြိုတင်ပြင်ဆင်မှုများ စတင်ပြုလုပ်၊ |

အညွှန်း – **အပြာရောင်** – ပြည်သူ့ကျန်းမာရေးမူဝါဒများ၊ **အစိမ်းရောင်** – လူမှုစီးပွားဆိုင်ရာ ဆောင်ရွက် ချက်များ၊ **လိမ္မော်ရောင်** – ကျန်းမာရေးစနစ်၏ တုံ့ပြန်ဆောင်ရွက်မှုများ၊

*ရည်ညွှန်းချက် – Brookings Institution (2020)*

- HVS 2020 စစ်တမ်းအရ ရောဂါကူးစက်ပြန့်ပွားမှု ထိန်းချုပ်ရေး ဆောင်ရွက်ချက်များသည် အထူးသဖြင့် အသေးစားနှင့် မိသားစုပိုင် စီးပွားရေးလုပ်ငန်းများကို ထိခိုက်စေခဲ့ပြီး ထိုလုပ် ငန်းများကို ပိုင်ဆိုင်လုပ်ကိုင်နေသော အိမ်ထောင်စုများ၏ ထိခိုက်လွယ်မှုကို ပို၍ တိုးပွား မြင့်မားစေကြောင်း တွေ့ရှိခဲ့ပါသည်။
- ကပ်ရောဂါဖြစ်ပွားသည့် ကနဦးကာလတွင် တရားဝင်စီးပွားရေးလုပ်ငန်းများနှင့် တွေ့ဆုံ မေးမြန်းမှုများမှ စုဆောင်းရရှိခဲ့သည့် သက်သေအထောက်အထားများအရ ကပ်ရောဂါနှင့် ကပ်ရောဂါကြောင့်

စီးပွားရေးနှေးကွေးကျဆင်းမှုတို့ကြောင့် ကဏ္ဍများအားလုံးတွင် ထိခိုက် မှုများ ရှိကြောင်း တွေ့ရှိရပါသည်။ လက်လီလက်ကားကုန်သွယ်ရောင်းဝယ်မှုကဲ့သို့သော ကဏ္ဍအချို့မှာမူ အထိအနာဆုံး ဖြစ်ပါသည်။[19]

- အိမ်ထောင်စုများ၏ ငါးပုံလေးပုံကျော် (၈၃.၃ ရာခိုင်နှုန်း) သည် နှစ်စပိုင်းမှစတင်၍ ဝင်ငွေ ကျဆင်းမှုနှင့် ကြုံတွေ့ရသည်ဟု ဆိုပါသည်။ အိမ်ထောင်စုများ၏ ထက်ဝက်နီးပါး (၄၅.၁ ရာခိုင်နှုန်း) သည် မိသားစုပိုင်လယ်ယာလုပ်ငန်းတစ်ခုမှ ဝင်ငွေရရှိနေခြင်းဖြစ်ပြီး မိသားစု ပိုင်လယ်ယာလုပ်ငန်းဟုဆိုရာတွင် ကောက်ပဲသီးနှံစိုက်ပျိုးခြင်း၊ သစ်တောလုပ်ငန်း၊ တိရစ္ဆာန်မွေးမြူရေး၊ ငါးဖမ်းလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးတို့ပါဝင်ပါသည်။ မိသားစုပိုင် လယ်ယာလုပ်ငန်းမှ ဝင်ငွေရရှိသော အိမ်ထောင်စု ငါးပုံလေးပုံနီးပါး (၇၉.၄ ရာခိုင်နှုန်း) က ၂၀၂၀ ပြည့်နှစ်၊ မတ်လမှစတင်၍ ထိုလုပ်ငန်းမှ ဝင်ငွေကို ဆုံးရှုံးခဲ့ရသည်ဟု ဆိုပါသည်။
- အဝေးတွင် သွားရောက်အလုပ်လုပ်ကိုင်နေသော အိမ်ထောင်စုဝင်များထံမှ လွှဲပို့ငွေများသည် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများ၏ ဝင်ငွေကို တိုးပွားစေခဲ့သည်မှာ ထုံးတမ်းစဉ်လာ ဖြစ်ခဲ့ပါသည်။ ထိုလွှဲပို့ငွေများသည်လည်း ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းအဆင့် လော့ခ်ဒေါင်းချထားမှုများကြောင့် ကျဆင်းသွားခဲ့ပါသည်။[20]

MLCS 2017 စစ်တမ်းမှ ခန့်မှန်းတွက်ချက်ထားသော ဝင်ငွေစုစုပေါင်းအား အခြေခံအဖြစ် အသုံးပြု၍ ဆန်းစစ်သောအခါ အထက်ဖော်ပြပါ လုပ်ငန်းစဉ်များအားလုံး အပြန်အလှန်သက်ရောက် မှုကြောင့် နောက်ဆုံးတွင် အိမ်ထောင်စုဝင်ငွေဆုံးရှုံးမှုသည် ပျမ်းမျှအားဖြင့် ၄၀ ရာခိုင်နှုန်း ရှိလာပါသည်။[21] (သက်ရောက်မှုများအကြောင်း အသေးစိတ်အချက်အလက်များနှင့် အရေအတွက်စံပြု အချက်အလက်များကို

**နည်းပညာဆိုင်ရာ** နောက်ဆက်တွဲစာတမ်းတွင် လေ့လာဖတ်ရှု ပါရန်)။

ကိုဗစ်-၁၉ ကပ်ရောဂါ၏ ရလဒ်အဖြစ် အိမ်ထောင်စုဝင်ငွေစုစုပေါင်း (aggregate household income) အား ဆုံးရှုံးရမှုများကို ကြည့်လျှင် ရေတိုကြုံတွေ့ရသော ဘေးဒုက္ခများ၏ သက်ရောက် မှုများသည် မူလရှိပြီးသား ထိခိုက်လွယ်မှုကို ပို၍ ကြီးမားပြင်းထန်လာစေကြောင်း ထင်ရှားစွာ တွေ့ရပါသည်။ ထိခိုက်လွယ်သော အိမ်ထောင်စုများသည် စုဆောင်းငွေများနှင့် အစိုးရ၏ ငွေကြေးထောက်ပံ့မှုများကဲ့သို့ ရင်ဆိုင်ကျော်လွှားမှုနည်းလမ်းများပေါ်တွင် အားကိုးအားထား ပြုနိုင်မည်ဆိုလျှင် ကိုဗစ်-၁၉ ကပ်ရောဂါကဲ့သို့ ရေတိုကြုံတွေ့ရသော ဘေးဒုက္ခအန္တရာယ်တစ်ခု ဖြစ်ပွားလာချိန်တွင် ၎င်းတို့၏ စားသုံးမှုကို လျှော့ချခြင်းမရှိဘဲ နေထိုင်မှုအဆင့်အတန်းကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဖြစ်ပါသည်။ အဆိုပါနည်းလမ်းများ မရှိလျှင်မူ ထိုအိမ်ထောင် စုများသည် ဆင်းရဲနွမ်းပါးသွားနိုင်သည့် အန္တရာယ်ရှိပါသည်။

[19] UNDP (2020) "Socio economic impact of COVID 19 in Myanmar (မြန်မာနိုင်ငံရှိ ကိုဗစ်-၁၉ ၏ လူမှုစီးပွားဆိုင်ရာ သက်ရောက်မှု)", mimeo

[20] https://www.economist.com/international/2020/05/23/covid-19-is-undoing-years-of-progress-in-curbing-global-poverty


[21] HVS 2020 စစ်တမ်းတွင် အိမ်ထောင်စုဝင်ငွေသည် ၄၆ ရာခိုင်နှုန်း လျော့ကျသွားကြောင်း တွေ့ရှိရသဖြင့် ထိုရလဒ်များက ဤအချက်ကို ထပ်မံထောက်ခံအတည်ပြုပေးပါသည်။

ရရှိထားသော အထောက်အထားများအရ မြန်မာနိုင်ငံရှိ ထိခိုက်လွယ်သော အိမ်ထောင်စုများ တွင် အစိုးရ၏ ကူညီထောက်ပံ့မှုများကို အားကိုးအားထားပြုနိုင်မှု နည်းပါးကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံရှိ လူမှုရေးကာကွယ်စောင့်ရှောက်မှုစနစ်သည် အားမကောင်းသေးသဖြင့် အစိုးရ၏ ထောက်ပံ့ကူညီနိုင်မှုသည် အကန့်အသတ်ရှိပါသည်။ **ပုံ-၁** တွင် ပြသထားသည့်အတိုင်း အစိုးရ၏ အထောက်အပံ့များတွင် ပုံမှန်ဝင်ငွေမရှိသည့် ဆင်းရဲနွမ်းပါးပြီး ထိခိုက်လွယ်သော အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေ ၄၀,၀၀၀ ကျပ် တစ်ကြိမ်ပေးအပ်ခြင်း၊ စားနပ်ရိက္ခာ အထောက်အပံ့ပေးခြင်းနှင့် လျှပ်စစ်မီတာခ ကင်းလွတ်ခွင့်ပေးခြင်းတို့ ပါဝင်ပြီး ထိုအထဲမှ အချို့အထောက်အပံ့များကို ညီညီမျှမျှ ဖြန့်ဝေထောက်ပံ့ပေးနိုင်ခြင်းလည်း မရှိပါ။ ထိုအခါ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများနှင့် ထိခိုက်လွယ်သော အိမ်ထောင်စုများသည် ငွေတိုးချေး သူများထံမှ ချေးငွေရယူခြင်းကဲ့သို့ အန္တရာယ်ပိုများသော နည်းလမ်းများကို မလွှဲမရှောင်သာ အားကိုးအားထားပြုရကြောင်း HVS 2020 စစ်တမ်းက အတည်ပြုနိုင်ခဲ့ပါသည်။

အထက်ဖော်ပြပါ အချက်အလက်ရင်းမြစ်များ၊ ဘေးဒုက္ခများနှင့် ရင်ဆိုင်ကျော်လွှားပုံနည်းလမ်း များအကြောင်း နိုင်ငံတကာသုတေသနစာတမ်းများအား သုံးသပ်လေ့လာခဲ့မှုများအပေါ် အခြေခံ၍ MLCS 2017 စစ်တမ်း၏ dataset တွင် ဝင်ငွေအမျိုးအစားအမျိုးမျိုးနှင့် လုပ်ငန်းကဏ္ဍ အမျိုးမျိုးမှ ဝင်ငွေများ ကျဆင်းသွားမှုနှင့် စပ်လျဉ်းသည့် ယူဆချက်အချို့ကို အသုံးချထည့်သွင်းတွက်ချက်ခြင်းဖြင့် ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားလာမှုနှင့်အတူ အိမ်ထောင်စုဝင်ငွေများ ကျဆင်းခြင်းကြောင့် ဆင်းရဲနွမ်းပါးမှု တိုးပွားလာနိုင်ခြေကို ခန့်မှန်းတွက်ချက်ခဲ့ပါသည် (အချက်အလက်များ စိစစ်လေ့လာ မှုအတွက် နည်းပညာပိုင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို

**နည်းပညာဆိုင်ရာ နောက်ဆက်တွဲစာတမ်း**တွင် လေ့လာဖတ်ရှုပါရန်)။ စိစစ်လေ့လာမှုရလဒ်များအရ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုနှုန်းသည် အနည်းဆုံး ၆ ရာခိုင်နှုန်းမှ အများဆုံး ၁၁ ရာခိုင် နှုန်းအထိ မြင့်တက်လာနိုင်ကြောင်း တွေ့ရှိရပြီး ထိုရလဒ်များကို **ပုံ-၂** တွင် ဖော်ပြပေးထားပါသည်။

*ပုံ (၂)* – မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးမှုနှုန်းအပေါ် ကိုဗစ်-၁၉ ၏ သက်ရောက်မှု (ရာခိုင်နှုန်း)[22]




အခြေခံ (Baseline) = ၂၄.၈ ရာခိုင်နှုန်း၊ MLCS 2017
အနိမ့်ဆုံးခန့်မှန်းတန်ဖိုး = ဝင်ငွေတစ်ယူနစ်လျော့ကျသွားတိုင်း စားသုံးမှု ၀.၂ ယူနစ် လျော့ကျ၊
အမြင့်ဆုံးခန့်မှန်းတန်ဖိုး = ဝင်ငွေတစ်ယူနစ်လျော့ကျသွားတိုင်း စားသုံးမှု ၀.၃၅ ယူနစ် လျော့ကျ၊

အိမ်ထောင်စုဝင်ငွေလျော့နည်းသွားခြင်း၏ ရလဒ်အဖြစ် ဆင်းရဲနွမ်းပါးမှုနှုန်းများ မြင့်မားလာ နိုင်ခြေကို နိုင်ငံအဆင့် ဆင်းရဲနွမ်းပါးမှုမျဉ်းအား အသုံးပြု၍ ဆန်းစစ်ခဲ့ပါသည်။ ကမ္ဘာ့ကပ် ရောဂါ ပြီးဆုံးသွားမည့်လက္ခဏာ မမြင်နိုင်သေးသည်နှင့်အညီ စိစစ်လေ့လာမှုအတွက် အသုံးပြုသည့် နည်းလမ်းတွင် ကပ်ရောဂါကြောင့် တိုးလာနိုင်ခြေရှိသည့် ဆင်းရဲနွမ်းပါးမှု၏ အနိမ့်ဆုံးတန်ဖိုးနှင့် အမြင့်ဆုံးတန်ဖိုး နှစ်မျိုးစလုံးကို ခန့်မှန်းတွက်ချက်ထားပါသည်။

ရရှိထားသည့် ရလဒ်များအပေါ် ထပ်မံဆွေးနွေးသုံးသပ်နိုင်ရန်အတွက် ဝင်ငွေနည်းနှင့် အလယ်အလတ်ဝင်ငွေရှိသည့် နိုင်ငံအချို့ကို ရွေးချယ်၍ ကိုဗစ်-၁၉ ၏ လူမှုစီးပွားဆိုင်ရာ သက်ရောက် မှုအား လေ့လာထားမှုများကို အကြမ်းဖျင်း ပြန်လည်သုံးသပ်လေ့လာခဲ့ပါသည်။[23] ထိုလေ့လာ သုံးသပ်မှုမှ ထွက်ပေါ်လာသော တွေ့ရှိချက်အချို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ပထမဦးစွာ ကိုဗစ်-၁၉ ၏ လူမှုစီးပွားဆိုင်ရာ သက်ရောက်မှုကို ခန့်မှန်းရန်အတွက် 'bottom-up' နည်းလမ်းကို အသုံးပြုရာတွင် ကျွန်ုပ်တို့ အသုံးပြုသော နည်းလမ်း (methodological approach) သည် နိုင်ငံအမျိုးမျိုး (ဥပမာ ကိုလံဘီယာနှင့် ဖီဂျီ) တွင် အသုံးပြုထားသည့် နည်းလမ်းနှင့် ဆင်တူပါသည်။
- ဒုတိယတွေ့ရှိချက်မှာ ကျွန်ုပ်တို့ ခန့်မှန်းတွက်ချက်ထားသော ဆင်းရဲနွမ်းပါးမှုနှုန်းများမြင့် မားလာနိုင်ခြေသည် အခြားလေ့လာမှုများမှ တွေ့ရှိချက်များနှင့် နှိုင်း**ယှဉ်**၍ရပါသည်။ (ဥပမာ

---

[22] အသုံးပြုသည့်နည်းစနစ် (methodological approach) အရ သက်ရောက်မှုကို ၂၀၂၁ ခုနှစ်အစောပိုင်းတွင် စတင်ခံစားရမည် ဟု ခန့်မှန်းပါသည်။

[23] ကိုဗစ်-၁၉ ၏ လူမှုစီးပွားဆိုင်ရာ သက်ရောက်မှုများကို ဆန်းစစ်ထားသည့် လေ့လာမှုများ စာရင်းအပြည့်အစုံကို အောက်ပါ လင့်ခ်တွင် ရရှိနိုင်သည် – https://www.undp.org/content/undp/en/home/coronavirus/socio-economic-impact-of-covid-19.html

အာဖကန်နစ္စတန်တွင် အသုံးပြုသော Computable General Equilibrium modelling ကဲ့သို့) 'top-down' နည်းလမ်းကို အသုံးပြုသောအခါတွင်ပင်လျှင် ဆင်းရဲနွမ်းပါးမှုနှုန်းများ မြင့်မားလာနိုင်ခြေ ခန့်မှန်းတွေ့ရှိချက်ဖြစ်သည့် အကြမ်းဖျင်း ၁၀ ရာခိုင်နှုန်းသည် အခြားလေ့လာမှုများ၏ တွေ့ရှိချက်များနှင့် တူညီသည့် အတိုင်းအတာနယ်ပယ်အတွင်းရှိသည်။[24]

- တတိယအချက်အနေဖြင့် မကြာမီက ကမ္ဘာ့ဘဏ်မှ ကိုဗစ်-၁၉ ကြောင့် ကမ္ဘာလုံးဆိုင်ရာ ဆင်းရဲနွမ်းပါးမှုအဆင့် မြင့်မားလာနိုင်ခြေ ခန့်မှန်းချက်အရ မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးမှု နှုန်းသည် ၅.၃ ရာခိုင်နှုန်း တိုးလာနိုင်သည်ဟု ခန့်မှန်းနိုင်ပါသည်။ ထိုသို့ခန့်မှန်းရာတွင် ဆင်းရဲနွမ်းပါးသည်ဟု စတင်သတ်မှတ်သည့် တန်ဖိုးမှာ တစ်နေ့လျှင် အမေရိကန်ဒေါ်လာ ၅.၅၀ (PPP) ဖြစ်ပါသည်။[25] အလားတူပင် micro-macro simulation model တစ်ခုက ခန့်မှန်းရာတွင် ကိုဗစ်-၁၉ ကြောင့် မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုနှုန်းသည် ၁၀ ရာခိုင်နှုန်းခန့် တိုးလာနိုင်သည်ဟု ဆိုပါသည်။ [26]
- နောက်ဆုံးတွေ့ရှိချက်မှာ ရခိုင်ပြည်နယ်တွင် ဆောင်ရွက်ခဲ့သည့် အသေးစားလေ့လာမှု တစ်ခုအရ ကိုဗစ်-၁၉ ကြောင့် အလွန်အမင်းဆင်းရဲနွမ်းပါးသူ အရေအတွက်သည် ၁၀ ရာခိုင်နှုန်း တိုးလာမည်ဟူသော အချက် ဖြစ်ပါသည်။[27]

ထပ်မံဆန်းစစ်လေ့လာမှုများအရလည်း ကိုဗစ်-၁၉ သည် မူလရှိပြီးဖြစ်သည့် ထိခိုက်လွယ်မှုများ ထဲမှ အချို့ကို ပို၍ ဆိုးရွားလာစေကြောင်း တွေ့ရှိရပါသည်။

(၁) ဦးစွာတင်ပြလိုသည်မှာ ဆင်းရဲနွမ်းပါးမှုမျဉ်းအနီးတွင် ရှိနေသော အိမ်ထောင်စုများသည် မြို့ပြဒေသတွင် နေထိုင်နိုင်ခြေ အများဆုံးဖြစ်ပြီး ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသော ကျန်းမာရေးဆိုင်ရာ လက်ငင်းသက်ရောက်မှုများနှင့် ဝင်ငွေဆုံးရှုံးမှုများက ထို အိမ်ထောင်စုအများအပြားကို ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်သို့ ရောက်ရှိသွားအောင် တွန်းပို့ခဲ့ပါသည်။ ကျွန်ုပ်တို့၏ စိစစ်လေ့လာမှုမှ အုပ်စုအလိုက် သီးခြားစီခွဲထားသော အချက်အလက်များအရ ဆင်းရဲနွမ်းပါးမှုအပေါ် ကိုဗစ်-၁၉ ၏ အကြီးမားဆုံး သက် ရောက်မှုကို ထည့်သွင်းစဉ်းစား၍ ဆန်းစစ်သည့်တိုင် မြို့ပြဆင်းရဲနွမ်းပါးမှုနှုန်းသည် နှစ်ဆကျော် (၂၀၁၇ ခုနှစ်တွင် ၁၁.၃ ရာခိုင်နှုန်းရှိရာမှ ကိုဗစ်-၁၉ နှင့်အတူ ၂၅.၉ ရာခိုင်နှုန်း ဖြစ်သွား) တိုးလာကြောင်း ပြသနေပါသည်။ ဤသို့ဖြစ်ရခြင်းသည် အဓိက အားဖြင့် အောက်ပါအချက်နှစ်ချက်ကြောင့်

[24] မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် အိမ်ထောင်စုဝင်ငွေ သိသိသာသာ ကျဆင်းသွားသော်လည်း စားသုံးမှုသည်လည်း ရေတို တွင် အလားတူကျဆင်းသွားမည်ဟု ယူဆ၍ မရပါ။ ထိုသို့ယူဆ၍မရခြင်း၏ အကြောင်းရင်းမှာ နှစ်ခု ရှိပါသည် - (၁) လူမှု စီးပွားဆိုင်ရာ အခြေအနေအမျိုးမျိုးပေါ် မူတည်၍ သက်ရောက်မှုများ၏ အတိုင်းအတာသည် မတူညီပါ။ (၂) လူများတွင် ရင်ဆိုင် ကျော်လွှားနိုင် သည့် နည်းလမ်းအထွေထွေ (ဥပမာ စုဆောင်းငွေ၊ ငွေချေးခြင်း) ရှိနေပြီး ထိုနည်းလမ်းများထဲမှ အချို့က ၎င်းတို့ အား အချိန်အတိုင်းအတာတစ်ခုအထိ စားသုံးမှုကို လျှော့ချရန်မလိုဘဲ ဆက်ထိန်းထားနိုင်ရန် အထောက်အကူပြုမည်ဖြစ်သည်။

[25] https://www.worldbank.org/en/news/press-release/2020/10/07/covid-19-to-add-as-many-as-150-million-extreme-poor-by-2021

[26] http://documents1.worldbank.org/curated/en/906171608086222905/pdf/Myanmar-Economic-Monitor-Coping-with-COVID-19.pdf

[27] https://www.undp.org/content/undp/en/home/coronavirus/socio-economic-impact-of-covid-19.html

ဖြစ်ပါသည် - (က) ကပ်ရောဂါသည် မြို့ပြ ဒေသများတွင် အဓိက ဖြစ်ပွားခြင်းနှင့် (ခ) မြို့ပြနေထိုင်သူများ၏ အလုပ်အကိုင်များနှင့် ဝင်ငွေများသည် အာမခံချက်မရှိခြင်းတို့ ဖြစ်ပါသည်။[28]

(၂) ကိုဗစ်-၁၉ ၏ သက်ရောက်မှုများကို ထည့်သွင်းစဉ်းစားဆန်းစစ်သောအခါတွင်ပင် မြန်မာနိုင်ငံတွင် ကလေးသူငယ်ဆင်းရဲနွမ်းပါးမှုသည် ယေဘုယျဆင်းရဲနွမ်းပါးမှုနှုန်းထက် ပို၍ မြင့်မားနေဆဲ ဖြစ်ပြီး ဆက်လက်၍ တိုးမြင့်နေလိမ့်မည်ဟုလည်း ခန့်မှန်း ရပါသည်။[29] ဤအချက်ကြောင့် မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုကို မျိုးဆက်တစ်ခု မှ နောက်မျိုးဆက်သို့ လက်ဆင့်ကမ်းပေးကာ ဆင်းရဲတာရှည်နေမည့်အပြင် ကိုဗစ်-၁၉ နှင့် ဒွန်တွဲဖြစ်ပေါ်လာသော ဘေးဒုက္ခများသည် ကလေးမျိုးဆက်တစ်ဆက်လုံး၏ ကြီးမားသော အစိတ်အပိုင်းအား ဆင်းရဲသံသရာထဲတွင် ဆက်၍ လည်နေစေနိုင်ကြောင်း တွေ့ရှိရပါသည်။

(၃) ယခင်က လေ့လာမှုများအရ အမျိုးသမီးဦးစီးသော အိမ်ထောင်စုများ၏ ထိခိုက်လွယ်မှု များကို ကောင်းစွာ မှတ်တမ်းတင်ထားပြီး ဖြစ်ပါသည်။[30] ထိုအိမ်ထောင်စုများသည် ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်သို့ ပို၍ တိုတောင်းသောအချိန်အတွင်း ပိုမိုလျှင်မြန်စွာဖြင့် ကျဆင်းသွားနိုင်ခြေ များပြားရခြင်းအတွက် အကြောင်းရင်းအချို့ ရှိနေပါသည်။ ပထမဦးစွာ အမျိုးသမီးဦးစီးသော အိမ်ထောင်စုများကြား ဆင်းရဲနွမ်းပါးမှု မြင့်တက် လာခြင်းသည် မြန်မာနိုင်ငံရှိ အမျိုးသမီးများ လုပ်ကိုင်နေသော အလုပ်အကိုင်အမျိုးအ စားများ၊ လုပ်ငန်းကဏ္ဍများနှင့် တိုက်ရိုက်ဆက်နွယ်မှုရှိပြီး အမျိုးသမီးများသည် ကိုဗစ်-၁၉ ၏ တိုက်ရိုက်သက်ရောက်မှုကို ခံစားရသော ကဏ္ဍများတွင် လုပ်ကိုင်နေကြခြင်းကြောင့် ဖြစ်ပါသည်။[31] ဒုတိယအကြောင်းမှာ ကနဦးရရှိထားသည့် ကမ္ဘာလုံးဆိုင်ရာ အချက်အလက်များအရ အမျိုးသမီးများသည် ကိုဗစ်-၁၉ နှင့်စပ်လျဉ်းသော အိမ်မှု ကိစ္စတာဝန်များ (ဥပမာ နာမကျန်းဖြစ်သူအား ပြုစုစောင့်ရှောက်ရခြင်း၊ အိမ်တွင် ကလေးများကို စာသင်ပေးရခြင်း) ကို မမျှမတ ထမ်းဆောင်ကြရသဖြင့် အမျိုးသမီး အများအပြားသည် လုပ်သားဈေးကွက်အတွင်းမှ ထွက်ခွာရသည့်အဖြစ်သို့ ရောက်ရှိရ သောကြောင့် ဖြစ်ပါသည်။[32] မြန်မာနိုင်ငံတွင်လည်း အလားတူအဖြစ်မျိုး ကြုံတွေ့နေရ ကြောင်း အထောက်အထားများက သက်သေခံနေပါသည်။ ဤသို့ အမျိုးသမီးများ အလုပ်လက်မဲ့ဖြစ်မှုနှင့် ဆင်းရဲနွမ်းပါးမှုတို့ မြင့်မားလာခြင်းနှင့် နောက်ဆက်တွဲ ဖြစ် ပေါ်လာသော ချို့ငဲ့မှုများသည် ကျားမတန်းတူညီမျှရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး ဆိုင်ရာ ပန်းတိုင်များ ပြည့်မီရေးတွင် အဟန့်အတားတစ်ခု ဖြစ်ကြောင်း ငြင်းဆန်၍ မရနိုင်သလို ယင်းသည် SDG ပန်းတိုင်များအားလုံးအပေါ်တွင်လည်း ဆင့်ပွားဆိုးကျိုး သက်ရောက်မှုများ ရှိနိုင်ပါသည်။

ကိုဗစ်-၁၉ ၏ ဆိုးကျိုးသက်ရောက်မှုများသည် နိုင်ငံ၏ SDG ပန်းတိုင်အများအပြား ပြည့်မီရေး တိုးတက်ဆောင်ရွက်နိုင်မှုအပေါ် ကြီးစွာသော သက်ရောက်မှု ရှိနိုင်ပါသည်။ MLCS စစ်တမ်းမှ

[28] https://www.cebm.net/covid-19/what-impacts-are-emerging-from-covid-19-for-urban-futures/

[29] https://www.unicef.org/myanmar/reports/overcoming-child-poverty-myanmar

[30] https://www.researchgate.net/publication/322172667_Household_shocks_and_coping_mechanism_evidence_from_Sub-Saharan_Africa

[31] https://www.ilo.org/yangon/press/WCMS_672754/lang--en/index.htm

[32] https://www.undp.org/content/undp/en/home/coronavirus/socio-economic-impact-of-covid-19.html

အထောက်အထားများအရ ဆင်းရဲနွမ်းပါးသူများနှင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် အများအပြားသုံးစွဲရမှုတို့ကြား ဆက်စပ်မှုရှိနိုင်ခြေ ပိုများကြောင်း တွေ့ရပါသည်။[33] ဤအစီရင်ခံ စာတွင် ခန့်မှန်းဖော်ပြထားသကဲ့သို့ ဆင်းရဲနွမ်းပါးမှု မြင့်မားလာခြင်းသည် ကျန်းမာရေးချို့တဲ့၍ ဆေးကုသမှုခံယူရခြင်း၏ အကျိုးဆက်ကြောင့် ဆင်းရဲနွမ်းပါးသွားခြင်း သို့မဟုတ် အဆိုး ဆုံးအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုကို လုံးလုံးလျားလျား မခံယူနိုင်ခြင်းများကို တိုးပွား လာစေပြီး SDG ပန်းတိုင်များ ပြည့်မီအောင် ဆောင်ရွက်ရန် သတ်မှတ်ထားသော အချိန်ကာလ အတွင်း ထိုရလဒ်များကို ပြောင်းလဲသွားအောင် လုပ်ဆောင်နိုင်ဖွယ်မရှိကြောင်း တွေ့ရပါသည်။ ထို့အပြင် ကျောင်းများကို ပြန်ဖွင့်ပေးနိုင်မည်ဆိုလျှင်ပင် ဆင်းရဲနွမ်းပါးမှုနှုန်းများ မြင့်မားလာမှုသည် ကလေးကျောင်းအပ်နှံမှုနှုန်း ကျဆင်းခြင်းနှင့် ဒွန်တွဲနေတတ်ကြောင်း သတိပြုရမည်ဖြစ်သည်။ အထူးသဖြင့် ကုန်ကျစရိတ် ပိုမို ကြီးမားသော အထက်တန်းကျောင်းအဆင့်များတွင် ကျောင်းအပ်နှံမှုနှုန်းသည် ပို၍ပင် ကျဆင်းသွားတတ်ပါသည်။ ဆင်းရဲနွမ်းပါးမှုနှုန်း မြင့်တက် လာမှုသည် မကြာခဏ ဆိုသလို ကလေးများကို ယာယီ သို့မဟုတ် ကာလရှည်ကြာ ကျောင်း ထုတ်ထားခြင်းကဲ့သို့ ဆိုးကျိုးဖြစ်စေသော အခက်အခဲကျော်လွှားမှုနည်းလမ်းများနှင့်လည်း ဒွန်တွဲတွေ့ရတတ်ပါသည်။ ဤသည်က အနာဂတ်မျိုးဆက်၏ လူသားအရင်းအနှီး အရည်အသွေးနှင့် ပမာဏကို လျော့နည်းကျဆင်းစေနိုင်ပြီး ရေရှည်တွင် စီးပွားရေးဆိုင်ရာ ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ပြင် ကျောင်းသား၊ ကျောင်းသူအများအပြား ရင်ဆိုင်ကြရသည့် ကပ် ရောဂါကြောင့် ကျောင်းများ ပိတ်ထားရခြင်းနှင့် ပညာသင်ယူမှု အဆက်ပြတ်ခြင်းများ၏ အကျိုး ဆက်များကိုလည်း ပို၍ ကြီးမားစေမည်ဖြစ်ပါသည်။[34]

## ၃.၂။ စစ်အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာနိုင်ခြေရှိသည့် အခြေအနေများနှင့် မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးမှုအပေါ် သက်ရောက်နိုင်ခြေအမျိုးမျိုး

အစီရင်ခံစာ၏ ရှေ့ပိုင်းတွင် ဆွေးနွေးတင်ပြခဲ့သကဲ့သို့ ကိုဗစ်-၁၉ ကပ်ရောဂါသည် ဆင်းရဲနွမ်း ပါးသော အိမ်ထောင်စုများနှင့် ထိခိုက်လွယ်သော အိမ်ထောင်စုများ၏ အလုပ်အကိုင်များ၊ ဝင်ငွေဖန်တီးမှုလုပ်ငန်းများနှင့်ဆက်စပ်၍ မူလကတည်းကရှိနေသော ထိခိုက်လွယ်မှုအချို့ကို ထင်ရှားပေါ်လွင်လာစေခဲ့ပါသည်။ ထို့မှုသာမက ဘေးအန္တရာယ်တစ်ခု ကျရောက်လာချိန်တွင် ဆင်းရဲတွင်းသို့ ကျရောက်သွားနိုင်ခြေရှိသူများ သို့မဟုတ် ပြန်လည်ကျရောက်နိုင်ခြေရှိသူများအား ကူညီထောက်ပံ့ပေးသည့် မြန်မာနိုင်ငံ၏ စွမ်းဆောင်ရည်အကန့်အသတ်ရှိသော လူမှုရေး ကာကွယ်စောင့်ရှောက်မှုစနစ်အား အပြင်းအထန်ရုန်းကန်ရသည့်အခြေအနေသို့ ရောက်ရှိစေ ပါသည်။

မြန်မာနိုင်ငံသည် ၂၀၂၀ ခုနှစ်၏ မျှော်လင့်ချက်ကင်းမဲ့မှုများကို ထားရစ်ခဲ့ကာ အခြေအနေများ ပြန်လည်တိုးတက်ကောင်းမွန်လာအောင် လုပ်ဆောင်ရန် အားခဲပြင်ဆင်နေချိန်တွင် ပြင်းထန်သည့်

[33] http://documents1.worldbank.org/curated/en/151001580754918086/pdf/Myanmar-Living-Conditions-Survey-2017-Socio-Economic-Report.pdf

[34] https://en.unesco.org/news/unesco-figures-show-two-thirds-academic-year-lost-average-worldwide-due-covid-19-school

ထိုးနှက်မှုတစ်ခုကို ထပ်မံကြုံတွေ့ခဲ့ရပါသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့ တွင် စစ်တပ်မှ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခံအစိုးရအား ဖြုတ်ချ၍ အာဏာ သိမ်းခဲ့ခြင်းပင် ဖြစ်ပါသည်။ အာဏာသိမ်းပြီး နှစ်လအတွင်း လူပေါင်း ၇၀၀ ကျော် သေဆုံးခဲ့ရပြီး လူအများအပြား၏ လုံခြုံရေးနှင့် လူမှုဘဝအဆင်ပြေဖူလုံရေးတို့လည်း ထိခိုက်ခဲ့ပါသည်။[35] ထို့ကြောင့် လက်ရှိ ဖြစ်ပေါ်နေသော အခြေအနေများသည် ကိုဗစ်–၁၉ ၏ သက်ရောက်မှုများကို ပိုမို ဆိုးရွားလာစေပြီး ပိုမိုကောင်းမွန်အောင်၊ ပိုမိုခိုင်မာအောင် ပြန်လည်တည်ဆောက်ရန် အားခဲထားသည့် ကပ်ရောဂါတုံ့ပြန်ဆောင်ရွက်ရေးနှင့် ပြန်လည်ထူထောင်ရေး စီမံကိန်းများလည်း ရပ်တန့်သွားခဲ့ပါသည်။ ဤအခြေအနေသည် အိမ်ထောင်စုများ၏ ဆင်းရဲတွင်းသို့ ကျ ရောက်လွယ်မှုကို ပိုမို ဆိုးရွားစေပြီး သိန်းနှင့်ချီသော အိမ်ထောင်စုများကို ဆင်းရဲနွမ်းပါးမှုမျဉ်း အောက်သို့ တွန်းပို့နိုင်သည့် အန္တရာယ်ရှိနေပါသည်။ လက်ရှိအတိုင်းအတာအထိ ဘဏ်များ ပိတ်ထားရမှုသည် ကြီးမားသော သက်ရောက်မှု ရှိမည်ဖြစ်ပြီး လစာပေးခြင်းနှင့် ဘဏ်များကြား ငွေလွှဲပြောင်းခြင်းအပါအဝင် ဘဏ်လုပ်ငန်းများကို ဆောင်ရွက်နိုင်ခြင်း မရှိဘဲ အင်တာနက် ဖြတ်တောက်မှုများကြောင့်လည်း အခြေအနေများ ပို၍ ဆိုးရွားလာသည်ဟု စီးပွားရေးပညာရှင် များက သုံးသပ်ပါသည်။[36] ထိုမျှသာမက မြေပြင်ပေါ်ရှိ လက်ရှိအခြေအနေသည် စီးပွားရေး၏ အခြားကဏ္ဍများပေါ်တွင်လည်း သက်ရောက်မှု ရှိနေပါသည်။ အကောက်ခွန်အေးဂျင့်များ၊ ဆိပ်ကမ်းလုပ်သားများ၊ ကုန်ကားမောင်းသူများနှင့် မီးရထားဝန်ထမ်းများ၏ လုပ်ငန်းများ ရပ် တန့်သွားပြီး အဓိကကျသော ဆိပ်ကမ်းအချို့ လုပ်ငန်းလည်ပတ်နိုင်ခြင်း မရှိတော့ဘဲ သင်္ဘော ကုမ္ပဏီအချို့ကလည်း မြန်မာနိုင်ငံအတွက် ဝန်ဆောင်မှုပေးခြင်းကို ယာယီရပ်ဆိုင်းထားခြင်း ကြောင့် ထုတ်လုပ်မှုကွင်းဆက်များ ပြတ်တောက်လျက် ရှိပါသည်။[37] ထို့အပြင် Fitch Solutions ၏ အဆိုအရ ပြည်ပပို့ကုန်များသည် ယခုဘဏ္ဍာနှစ်တွင် ၆၀ ရာခိုင်နှုန်းကျော် ကျဆင်းသွား ဖွယ်ရှိကြောင်း သိရှိရပါသည်။[38] နောက်ဆုံးအနေဖြင့် UN အဖွဲ့အစည်းတစ်ခုဖြစ်သည့် ကမ္ဘာ့ စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ အထောက်အထားများအရ စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာပြီး အိမ်ထောင်စုများ၏ ဝယ်ယူနိုင်စွမ်းကို ထပ်မံထိခိုက်ကျဆင်းစေမည်ဖြစ်ကြောင်း ညွှန်ပြလျက်ရှိပါသည်။[39] အားလုံးကို ခြုံကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံသည် စီးပွား ရေးစနစ်တစ်ခုလုံး ပြိုလဲတော့မည့် အခြေအနေသို့ ရောက်ရှိနေပြီး အာရှ၏ ကျဆုံးနိုင်ငံတစ်ခု ဖြစ်လာတော့မည့်အန္တရာယ်နှင့် ရင်ဆိုင်နေရပါသည်။

အာဏာသိမ်းမှု၏ ဆင်းရဲနွမ်းပါးမှုအပေါ် သက်ရောက်မှုအား ခန့်မှန်းနိုင်ရန်အတွက် ကိုဗစ်–၁၉ ၏ သက်ရောက်မှုကို ခန့်မှန်းရာတွင် အသုံးပြုသည့် နည်းစနစ်ကိုပင် အသုံးပြုခဲ့ပါသည် (အသေးစိတ်ကို

**နည်းပညာဆိုင်ရာ** နောက်ဆက်တွဲစာတမ်းတွင် လေ့လာဖတ်ရှုပါရန်)။ ဤစိစစ်လေ့လာမှုကို MLCS 2017 စစ်တမ်းအချက်အလက်များပေါ်တွင် အခြေခံ၍ ပြုလုပ်ခဲ့ပြီး ကိုဗစ်–၁၉ နှင့် စပ်လျဉ်းသည့်

---

35 https://aappb.org/

36 https://www.economist.com/leaders/2021/04/15/myanmar-could-be-asias-next-failed-state

37 https://www.economist.com/asia/2021/04/15/myanmar-is-on-the-brink-of-collapse

38 https://www.fitchsolutions.com/topic/myanmar

39 https://analytics.wfp.org/t/Public/views/MarketMonitoringDashboard/StateDashboard?%3AisGuestRedirectFromVizportal=y&%3Aembed=y

ဝင်ငွေဆုံးရှုံးမှုများအပြင် နိုင်ငံရေးအကျပ်အတည်းကြောင့် ဖြစ်ပေါ်လာသည့် ဝင်ငွေဆုံးရှုံးမှုများကိုလည်း ထည့်သွင်းစဉ်းစားခဲ့ပါသည်။ ထိုသို့စိစစ်လေ့လာခဲ့သဖြင့် နှစ်ထပ်ကွမ်းဘေးဒုက္ခ (ကိုဗစ်-၁၉ နှင့် အစိုးရဖြုတ်ချခံရမှု) ကြောင့် ပို၍ ဆိုးရွား ပြင်းထန်လာသော လူမှုစီးပွားဆိုင်ရာ သက်ရောက်မှုကို ထိရောက်စွာ ထည့်သွင်းစဉ်းစားနိုင်ခဲ့ပါသည်။ ပို၍တိကျစွာဆိုရလျှင် ကွ ျန်ုပ်တို့သည် အောက်ပါအကြောင်းအချက်များကြောင့် ဝင်ငွေ ဆုံးရှုံးမှုများ ထပ်ဆောင်းဖြစ်ပေါ်လိမ့်မည်ဟူသည့် ယူဆချက်ကို အသုံးပြုခဲ့ပါသည်။ ပထမ အချက်အဖြစ် မြေပြင်ပေါ်ရှိ လုံခြုံရေးအခြေအနေ ပိုမိုဆိုးရွားလာမှုသည် အိမ်ထောင်စုဝင်ငွေ၏ အကြီးမားဆုံး အစိတ်အပိုင်းအပေါ် ပြင်းထန်စွာ ထိခိုက်နိုင်ပါသည် (ဥပမာ အသေးစားစီးပွားရေး လုပ်ငန်းများ ပိတ်ထားရခြင်း၊ လုပ်ခလစာ ရရှိနေသူများသည် လုံခြုံရေးအခြေအနေကြောင့် သို့မဟုတ် အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်မှုကြောင့် ဝင်ငွေမရှိတော့ခြင်း)။ အသေးစား စီးပွားရေးလုပ်ငန်းများ ရင်ဆိုင်နေရသည့် ကြီးမားသော ထိခိုက်ဆုံးရှုံးမှုများ၊ ကုန်သွယ်ရေး၊ ဘဏ်လုပ်ငန်းနှင့် ထုတ်လုပ်မှုကွင်းဆက် ပြတ်တောက်ပျက်ပြားမှုများ[40]နှင့် ထိုသို့ ပြတ်တောက်ပျက်ပြားမှုများက စီးပွားရေးကို လုံးဝနီးပါးရပ်တန့်သွားစေခဲ့မှုတို့ကို ကိုယ်တွေ့ကြုံသူများ ပြောပြသည့် အထောက်အထားအချို့အရ သိရှိရပါသည်။[41] ဒုတိယအချက် မှာ ဆိုးရွားလာသော အခြေအနေများသည် စိုက်ပျိုးရေးကိုလည်း ထိခိုက်စေလျက်ရှိပါသည်။ အထူးသဖြင့် ကျပ်ငွေတန်ဖိုး ကျဆင်းခြင်းကြောင့် သွင်းအားစုများ၏ ဈေးနှုန်းများ မြင့်တက်လာပြီး နိုင်ငံခြားမှ တင်သွင်းရသော သွင်းအားစုများ၏ ဈေးနှုန်းမှာ ပို၍ မြင့်တက်လာပါသည်။[42] မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် အသေးစားချေးငွေကုမ္ပဏီများမှ ချေးငွေရယူနိုင်မှု မရှိခြင်းကလည်း ကြီးမားသည့် အခက်အခဲတစ်ခု ဖြစ်လာပါသည်။ အသေးစားချေးငွေ အဖွဲ့အစည်းများသည် ချေးငွေများ ပြန်မဆပ်ကြခြင်းနှင့် ကြွေးမြီကိစ္စများကြောင့် အခက်အခဲ များ ရင်ဆိုင်နေရပြီး ရင်းနှီးမြှုပ်နှံသူများက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ထပ်မံပြုလုပ်ခြင်းကို ရပ်ဆိုင်းထားခြင်းတို့က ရုန်းကန်နေရသည့် စိုက်ပျိုးရေးကဏ္ဍအပေါ် ပို၍ ထိခိုက်စေ မည်ဖြစ်ပါသည်။[43] လုပ်ခလစာများနှင့် စီးပွားရေးလုပ်ငန်းမှ ဝင်ငွေများကဲ့သို့ပင် ဆိုးရွားလာသည့် လုံခြုံရေးအခြေအနေများကြောင့် သယ်ယူပို့ဆောင်ရေးများ ပြတ်တောက်ပြီး လုပ်သားနှင့် ကုန်ပစ္စည်းများ သွားလာပို့ဆောင်ရာတွင် အခက်အခဲများ ဖြစ်လာပါက စိုက်ပျိုးရေးကဏ္ဍမှ ဝင်ငွေများအပေါ် ထိခိုက်မှုများသည် ပို၍ပင် ကြီးမားပြင်းထန်လာနိုင်ပါသည်။ အခြားသော ဝင်ငွေများကိုလည်း အလားတူ ထိခိုက်လိမ့်မည်ဟု ခန့်မှန်းရပါသည်။ စက်မှုလုပ်ငန်းများ ကျဆင်းသွားခြင်း၊ စီးပွားရေးလုပ်ငန်းများ ဆုံးရှုံးထိခိုက်ခြင်းနှင့် ဘဏ်စနစ် လည်ပတ်မှုမရှိ ခြင်းတို့ကြောင့် အပါအဝင် အကြောင်းအချို့ကြောင့် လွှဲပို့ငွေများကိုလည်း များစွာ ထိခိုက်နေပြီး ဆက်လက်ကျဆင်းနေနိုင်ဖွယ်ရှိပါသည်။[44] နောက်ဆုံးအချက်မှာ လက်ရှိ ဖြစ်ပေါ်လျက်ရှိသည့် ဘဏ္ဍာရေးစနစ် လည်ပတ်နိုင်မှု မရှိခြင်းကြောင့် လူမှုရေးထောက်ပံ့ငွေများ

---

[40] https://www.frontiermyanmar.net/en/nothing-is-moving-cdm-freezes-foreign-trade-raising-fears-of-shortages/

[41] https://www.businesslive.co.za/bd/world/asia/2021-04-12-myanmars-small-businesses-battle-on-front-lines-as-economy-goes-into-free-fall/

[42] https://www.fas.usda.gov/data/burma-impact-burma-military-coup-agriculture-sector-and-trade

[43] ၂၀၂၁ ခုနှစ် ဧပြီလ ၁၀ ရက်မှ ၁၄ ရက်ကြား ဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံရှိ MFI များနှင့် တွေ့ဆုံမေးမြန်းခဲ့မှုများပေါ်တွင် အခြေခံပါသည်။

[44] https://www.reuters.com/article/myanmar-migrant-economy-idUSL8N2KU0K9

ပံ့ပိုးမှုကိုလည်း အတိုင်းအတာတစ်ခုအထိ ထိခိုက်နိုင်ဖွယ်ရှိနေပါသည်။[45] စိစစ်လေ့လာမှုတွင် အသုံးပြုခဲ့သည့် ယူဆချက်များကို **နည်းပညာဆိုင်ရာ နောက်ဆက်တွဲစာတမ်း**တွင် အပြည့်အစုံ ဖတ်ရှုလေ့လာ နိုင်ပါသည်။

မြေပြင်ပေါ်ရှိ အခြေအနေသည် အချိန်နှင့်အမျှ ပြောင်းလဲလျက်ရှိပြီး ဤအစီရင်ခံစာ ရေးသား နေချိန်တွင် လူအများအပြား အသက်ဆုံးရှုံးခဲ့ရပြီး ဖြစ်သည်နှင့်အညီ အနာဂတ်တွင် ဖြစ်နိုင်ခြေ ရှိသည့် ဖြစ်ရပ် (scenarios) နှစ်ခုကို ဖော်ထုတ်ခဲ့ပါသည်။ အကောင်းဆုံးကို မျှော်လင့်၍ ခန့်မှန်း ထားသော ဖြစ်နိုင်ခြေ (optimistic scenario) နှင့် အဆိုးဆုံးကို မျှော်လင့်၍ ခန့်မှန်းထားသော ဖြစ်နိုင်ခြေ (pessimistic scenario) တို့ ဖြစ်ပါသည် (အသေးစိတ်ကို **နည်းပညာဆိုင်ရာ နောက် ဆက်တွဲစာတမ်း**တွင် တင်ပြထားပါသည်)။ ထိုအနာဂတ်ဖြစ်နိုင်ခြေနှစ်ခု၏ အဓိက ကွာခြား ချက်မှာ ပြောင်းလဲနေသော အခြေအနေများက အိမ်ထောင်စုဘတ်ဂျက် (လုပ်ခလစာများနှင့် စီးပွားရေးလုပ်ငန်းမှ ဝင်ငွေများ) အား အများဆုံးရှာဖွေပေးနေသူများအပေါ် သက်ရောက်မှု အတိုင်းအတာ ဖြစ်ပါသည်။ အကောင်းဆုံးဖြစ်နိုင်ခြေရှိသည့် ဖြစ်ရပ်တွင် လုပ်ခလစာနှင့် စီးပွားရေးလုပ်ငန်းမှ ဝင်ငွေများသည် ကိုဗစ်-၁၉ ကြောင့် ဆုံးရှုံးမှုများအပြင် နောက်ထပ် ၂၅ ရာခိုင်နှုန်း ထပ်မံဆုံးရှုံးမည်ဟု ယူဆထားပြီး[46] အဆိုးဆုံးဖြစ်နိုင်ခြေတွင် ၅၀ ရာခိုင်နှုန်း ထပ်မံ ဆုံးရှုံးမည်ဟု ယူဆထားပါသည်။ ဖြစ်ရပ်နှစ်ခုစလုံးတွင် စိုက်ပျိုးရေးကဏ္ဍမှ ဝင်ငွေများသည် ၁၀ ရာခိုင်နှုန်း ထိခိုက်မည်ဟု ယူဆထားပါသည်။ ထို့မျှသာမက ဘဏ္ဍာရေးကဏ္ဍ နှင့်/သို့ မဟုတ် ငွေပေးချေမှုဆိုင်ရာ အခက်အခဲများကြောင့် အခြားဝင်ငွေများ (ဥပမာ လွှဲပို့ငွေများနှင့် လူမှုရေးထောက်ပံ့ငွေများ) သည်လည်း နောက်ထပ် ၁၀ ရာခိုင်နှုန်း ထိခိုက်မည်ဖြစ်ပါသည်။ အာဏာသိမ်းမှု၏ သက်ရောက်မှုသည် အဓိကအားဖြင့် လူတစ်ဦးချင်းစီ၏ လုပ်ခလစာများနှင့် စီးပွားရေးလုပ်ငန်းမှ ဝင်ငွေများဟူသည့် ဝင်ငွေရင်းမြစ်နှစ်ခုလုံးကို ထိခိုက်ဆုံးရှုံးစေမည် ဖြစ်ပါ သည်။

ဤသို့ အိမ်ထောင်စုဝင်ငွေများ ထပ်မံဆုံးရှုံးရမှုသည် မည်သည့်အတိုင်းအတာအထိ စားသုံးမှုကို ကျဆင်းစေပြီး ဆင်းရဲနွမ်းပါးမှုကို မြင့်တက်စေမည်ဟူသည်မှာ အချက်နှစ်ချက်ပေါ်တွင် မူတည် နေပါသည် – (က) နှစ်ထပ်ကွမ်းကြုံတွေ့နေရသည့်ဘေးဒုက္ခ၏ ကြာမြင့်ချိန်နှင့် ပုံမှန်အခြေအနေသို့ မည်မျှမြန်မြန် ပြန်လည်ရောက်ရှိနိုင်မည်နည်း၊ (ခ) ဘေးဒုက္ခ၏ ပြင်းထန်မှုအတိုင်းအတာနှင့် ပြည်သူများ၏ ဘေးဒုက္ခကို ရင်ဆိုင်ကျော်လွှားပုံနည်းလမ်းတို့ ဖြစ်ပါသည်။ ယာယီသာ ဖြစ်လိမ့်မည်ဟု ယူဆရသော ကိုဗစ်-၁၉ နှင့်မတူဘဲ အရပ်သားအစိုးရကို ဖြုတ်ချမှုကြောင့် ဖြစ်ပေါ်လာသော ဘေးဒုက္ခအန္တရာယ်၏ သက်ရောက်မှုသည် အချိန်ကာလအားဖြင့် ပိုမို ရှည်ကြာပြီး အတိုင်းအတာပမာဏအားဖြင့် ပိုမို ပြင်းထန်မည်ဟု ယူဆရပါသည်။ ယင်းသည် စီးပွားရေးကို များစွာ နှေးကွေးသွားစေမည်ဖြစ်ပြီး ဝင်ငွေဖန်တီးနိုင်သည့် လုပ်ငန်းများ ပို၍ လျော့နည်းသွားမည် ဖြစ်သည်။ ပို၍ အရေးကြီးသည့်အချက်မှာ ဤဖြစ်ရပ်တွင် ကြုံတွေ့ရသည့် ဘေးဒုက္ခသည် ရင်ဆိုင်ကျော်လွှားရန် ပို၍ ခက်ခဲနိုင်ပြီး စားသုံးမှုပုံစံများသည် အကျဖက်သို့သာ ဦးတည်၍ ကာလရှည်ကြာ

---


[45] UNICEF နှင့် တွေ့ဆုံဆွေးနွေးမှုများအရ လက်ရှိ လူမှုရေးကာကွယ်စောင့်ရှောက်မှုအစီအစဉ်များဖြစ်သည့် မိခင်နှင့် ၂ နှစ်အောက်ကလေး ငွေကြေးထောက်ပံ့ခြင်းနှင့် လူမှုရေးပင်စင်တို့အား *အရပ်သားအစိုးရဖြုတ်ချခံခဲ့ရသည့်*အချိန်မှစ၍ ရပ်ဆိုင်းထားကြောင်း သိရှိရပါသည်။ လူမှုဝန်ထမ်းဦးစီးဌာန (DSW) မှ ဝန်ထမ်းအများစုသည် အာဏာဖီဆန်ရေးလှုပ်ရှားမှုကို ထောက်ခံအားပေးသူများဖြစ်ကြသဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအတွက် ထိုထောက်ပံ့ငွေများအတွက် ဆောင်ရွက်ရန် အခက်အခဲဖြစ်နေပါသည်။

[46] (ဥပမာ ဘဏ္ဍာရေး၊ သတ္တုတူးဖော်မှုကဲ့သို့) ကဏ္ဍအနည်းငယ် အတွက်မူ ကဏ္ဍတစ်ခုလုံး 'ရွေးချယ်၍' စီးပွားရေးပိတ်ဆို့မှုများကြောင့် သက်ရောက်မှုသည် ၅၀ ရာခိုင်နှုန်း ရှိမည်ဟု ခန့်မှန်းပါသည်။

ကျဆင်းသွားနိုင်ပါသည် (အသေးစိတ်အချက်အလက်များကို **နည်းပညာဆိုင်ရာ နောက်ဆက်တွဲစာတမ်း**တွင် ကြည့်ပါ)။

ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုကို လေ့လာခဲ့စဉ်ကကဲ့သို့ပင် အနာဂတ်ဖြစ်နိုင်ခြေ နှစ်ခုစလုံး (အကောင်းနှင့် အဆိုး) တွင် နိုင်ငံအဆင့် ဆင်းရဲနွမ်းပါးမှုမျဉ်းကို အသုံးပြုခဲ့ပြီး *စစ်အာဏာသိမ်းမှု*၏ သက်ရောက်မှုကို ထည့်သွင်းစဉ်းစား၍ ဆင်းရဲနွမ်းပါးမှုနှုန်းများကို ခန့်မှန်းရန်အတွက် စားသုံးမှုစုစုပေါင်းတန်ဖိုးများ (consumption aggregates) ကို အသစ် တွက်ချက်အသုံးပြုထားပါသည်။ ထို့အပြင် ကိုဗစ်-၁၉ ၏ သက်ရောက်မှုကို ဖော်ပြသော အမြင့်ဆုံး မားဆုံးခန့်မှန်းတန်ဖိုးကို အခြေခံ (baseline) အဖြစ် အသုံးပြုခဲ့ပါသည်။ ဤစိစစ်လေ့လာမှု၏ ရလဒ်များကို ပုံ-၃ တွင် ဖော်ပြထားပါသည်။ အကောင်းဆုံးကို မျှော်လင့်၍ ခန့်မှန်းထားသော ဖြစ်ရပ်တွင် စစ်အာဏာသိမ်းမှုကြောင့် ဆင်းရဲနွမ်းပါးမှုနှုန်းသည် ၄၄.၂ ရာခိုင်နှုန်း (ကိုဗစ်-၁၉ နှင့် နှိုင်းယှဉ်လျှင် ၈ ရာခိုင်နှုန်းခန့် တိုးသွား) ဖြစ်လာနိုင်ဖွယ်ရှိပါသည်။ သို့သော် အဆိုးဆုံးကို မျှော်လင့်ခန့်မှန်းသော ဖြစ်ရပ်တွင်မူ ဆင်းရဲနွမ်းပါးမှုနှုန်း မြင့်တက်သွားမှုသည် ပို၍ သိသာထင်ရှားပြီး ၄၈.၂ ရာခိုင်နှုန်းသို့ ခုန်တက်သွားနိုင်ပါသည်။ ဆိုလိုသည်မှာ ကိုဗစ်-၁၉ ကပ်ရောဂါ နှင့် စစ်အာဏာသိမ်းမှု နှစ်ခုပေါင်း၏ ရလဒ်ကို စဉ်းစားမည်ဆိုလျှင် မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ခန့်သည် ဆင်းရဲနွမ်းပါးသွားလိမ့်မည်ဟူ၍ ဖြစ်ပါသည်။ နှစ်ထပ်ကွမ်း ကြုံတွေ့ရသော ဘေးဒုက္ခ၏ ရလဒ်အဖြစ် ဆင်းရဲနွမ်းပါးမှုနှုန်းသည် MLCS 2017 စစ်တမ်းတွင် တွေ့ရှိခဲ့ရသည့် ဆင်းရဲနွမ်းပါးမှုနှုန်း (၂၄.၈ ရာခိုင်နှုန်း) ထက် နှစ်ဆနီးပါး မြင့်တက်သွားမည်ဖြစ်ပါသည်။ တစ်နည်းဆိုသော် အဆိုးဆုံးအခြေအနေတွင် ဆင်းရဲနွမ်းပါးမှုနှုန်းသည် ကိုဗစ်-၁၉ ကြောင့် မြင့်တက်လာသော အမြင့်မားဆုံးဆင်းရဲနွမ်းပါးမှုနှုန်း (၃၆.၁ ရာခိုင်နှုန်း) အပြင် နောက်ထပ် ၁၂ ရာခိုင်နှုန်း ထပ်မံတိုးမြင့်လာလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် methodological approach ကို အသုံးပြုထားသည့်အတွက် လက်ရှိအခြေအနေများ ပြောင်းလဲမှုမရှိပါက တစ်နှစ်တာကာလ အတွင်းဖြစ်သည့် ၂၀၂၂ ခုနှစ် အစောပိုင်းတွင် ထိုရလဒ်များ ရုပ်လုံးပေါ်လာလိမ့်မည်ဟု ခန့်မှန်း ထားပါသည်။

*ပုံ (၃)* – မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးမှုနှုန်းအပေါ် စစ်အာဏာသိမ်းမှုကြောင့် ပိုမိုဆိုးရွားပြင်းထန်လာသော သက်ရောက်မှု (ရာခိုင်နှုန်း)[47]




အခြေခံ (Baseline) = ၃၆.၁ (ကိုဗစ်-၁၉ ကြောင့် အများဆုံးတိုးလာနိုင်သည့် ဆင်းရဲနွမ်းပါးမှုနှုန်း)
ရေရှည်မျှော်မှန်းနိုင်သည့် ပျမ်းမျှဝင်ငွေ အပြောင်းအလဲဖြစ်မှု = ဝင်ငွေတစ်ယူနစ် လျော့ကျမှုက စားသုံးမှုကို တစ်ယူနစ် လျော့ကျသွားစေနိုင်၊

[47] အသုံးပြုထားသည့် နည်းလမ်း (methodological approach) အရ အကျိုးရလဒ်အား ၂၀၂၂ ခုနှစ် အစောပိုင်းတွင် မြင်တွေ့ရမည်ဟု ခန့်မှန်းပါသည်။

ကိုဗစ်-၁၉ ၏ သက်ရောက်မှုအား လျော့လာခဲ့သကဲ့သို့ပင် နက်နက်ရှိုင်းရှိုင်း ဆက်လက်ဆန်းစစ် လေ့လာသောအခါ အရေးကြီးသော တွေ့ရှိချက်အချို့ ထွက်ပေါ်လာပါသည်။ ပထမတွေ့ရှိချက် မှာ မြို့ပြဆင်းရဲနွမ်းပါးမှုသည် (MLCS 2017 baseline နှင့်နှိုင်းယှဉ်လျှင် သုံးဆကျော်အထိ) ဆက်လက်တိုးမြင့်လာမည်ဟု ခန့်မှန်းရပါသည်။ အဆိုးဆုံးကို မျှော်မှန်း၍ ခန့်မှန်းထားသည့် ဖြစ်ရပ်တွင် ကလေးများ၏ ထက်ဝက်ကျော် (၅၂.၃ ရာခိုင်နှုန်း) သည် ဆင်းရဲနွမ်းပါးစွာ နေထိုင် ကြရမည် ဖြစ်ပြီး နိုင်ငံ၏ မူလကပင် မြင့်မားနေသည့် ကလေးသူငယ်ဆင်းရဲနွမ်းပါးမှုနှုန်းကို ပိုဆိုးစေမည်ဖြစ်သည်။[48] ထို့အပြင် အမျိုးသမီးဦးစီးသော အိမ်ထောင်စုများသည် နိုင်ငံရေး အကျပ်အတည်း၏ သက်ရောက်မှုကြောင့် ပို၍ပင် ထိခိုက်လွယ်လာမည်ဖြစ်သည်။ ထိုသို့ ထိခိုက်လွယ်မှု မြင့်မားလာခြင်းသည် လွန်ခဲ့သော ဆယ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံရှိ အမျိုးသမီးများအတွက် လူမှုအဖွဲ့အစည်းအတွင်း အခွင့်အလမ်းများ၊ လုပ်ပိုင်ခွင့်များနှင့် ဩဇာ သက်ရောက်နိုင်မှုများ တိုးပွားလာအောင် ဆောင်ရွက်ပေးရာတွင် ရရှိထားသော တိုးတက် အောင်မြင်မှုများကို ပြန်လည်ဆုံးရှုံးသွားနိုင်သည့်အပြင် ကျားမအခြေပြုအကြမ်းဖက်မှုများလည်း ပို၍အဖြစ်များလာနိုင်ခြေ ရှိပါသည်။[49] ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသော ရလဒ် ကဲ့သို့ပင် ဆင်းရဲတွင်းသို့ အလွယ်တကူ ကျရောက်နိုင်ခြေ မြင့်မားလာခြင်းသည် ဆိုးဆိုးရွားရွား ထိခိုက်ပျက်ပြားသွားသော အခြေခံဝန်ဆောင်မှုများ လက်လှမ်းမီ ရရှိရေးအတွက် နောက်ထပ် အဟန့်အတားတစ်ခု ဖြစ်လာပါလိမ့်မည်။[50] ထိုအခါ SDG ပန်းတိုင်များ ပြည့်မီရေးတွင် ကြီးမားသော ဆုတ်ဆိုင်းနှောင့်နှေးမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။

## ၄။ ဤလေ့လာမှု၏ အကန့်အသတ်များ

ယခုကဲ့သို့ မရေရာမှု မြင့်မားပြီး လောလောလတ်လတ် ဖြစ်ပွားနေသော ပဋိပက္ခအခြေ အနေတစ်ခုအတွင်း ကြိုးပမ်းလုပ်ဆောင်ကြသည့် သုတေသနများမှာကဲ့သို့ပင် ဤလေ့လာမှု တွင်လည်း အကန့်အသတ်များ ရှိနေသည်မှာ ထင်ရှားပါသည်။ ကျွန်ုပ်တို့သည် ကိုဗစ်-၁၉ ၏ သက်ရောက်မှု ခန့်မှန်းတွက်ချက်ခြင်း၊ အရပ်သားအစိုးရအား ဖြုတ်ချမှု၏ သက်ရောက်မှုကို ခန့်မှန်းတွက်ချက်ခြင်း၊ ထိုခန့်မှန်းတန်ဖိုးနှစ်ခုအား ပြန်ပေါင်းခြင်းတို့ကို တစ်ဆင့်ပြီး တစ်ဆင့် ပြုလုပ်သွားခြင်းဖြစ်သဖြင့် ထိုဖြစ်ရပ်နှစ်ခု၏ အပြန်အလှန်သက်ရောက်မှုကို ထည့်သွင်း စဉ်းစားကာ စုစုပေါင်းသက်ရောက်မှု၏ တန်ဖိုးကို ခန့်မှန်းထားခြင်းမဟုတ်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့ ရရှိထားသည့် ခန့်မှန်းတန်ဖိုးသည် အမှန်တကယ်သက်ရောက်မှုထက် ပို၍ နည်းနေနိုင်ခြင်းသည် ပထမကန့်သတ်ချက် ဖြစ်ပါသည်။ ဒုတိယကန့်သတ်ချက်မှာ ကိုဗစ်-၁၉ ၏ သက်ရောက်မှုကို ခန့်မှန်းရာတွင် ယူဆချက်အချို့ပေါ်တွင် အားထားခဲ့ပါသည်။ ဤသည်မှာ ကန့်သတ်ချက်တစ်ခု ဖြစ်ကြောင်း ထင်ရှားသော်လည်း HVS စစ်တမ်းမှ အချက်အလက်များကြောင့် ဖြစ်ရပ်မှန်နှင့် တတ်နိုင်သမျှ အနီးစပ်ဆုံးဖြစ်သည့် ယူဆချက်များကို

[48] ချို့တဲ့သည့် တိုင်းပြည်တွင် အဓိကကျသည့် ကာကွယ်ဆေးများနှင့် ဗီတာမင်ဖြည့်စွက်ဆေးများအပါအဝင် ကလေးများအတွက် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများ ရပ်တန့်သွားသည်နှင့်အညီ အကျပ်အတည်း၏ ကလေးများအပေါ် ကျရောက်မည့် ရေရှည်အကျိုးဆက်သည် "ဆိုးရွားပြင်းထန်" နိုင်သည်ဟု UNICEF က ဆိုပါသည်။ https://www.washingtonpost.com/world/asia_pacific/myanmar-military-deaths-children/2021/03/29/1d7a6e70-9066-11eb-aadc-af78701a30ca_story.html

[49] https://foreignpolicy.com/2021/03/23/myanmar-coup-women-human-rights-violence-military/

[50] https://www.economist.com/briefing/2021/02/06/myanmars-coup-turns-the-clock-back-a-decade

အသုံးပြုနိုင်ခဲ့ပါသည်။ တတိယကနဦးသတ်ချက်အနေဖြင့် ဘ၀အခြေအနေအမျိုးမျိုးတွင် သုံးစွဲမှုအား စုဆောင်းငွေများ၊ အခြားရနိုင်သမျှနည်းလမ်းများနှင့် ချိန်ညှိ၍ နေထိုင်မှုအဆင့်အတန်းကို တတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်မှု (consumption-smoothing) ဆိုင်ရာ သုတေသနစာမ်း များကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာသုံးသပ်ရာမှ ရရှိသည့် ပါရာမီတာများကို အသုံးပြုထားခြင်း ဖြစ်ပါသည်။ ထိုပါရာမီတာများကို ရယူရာတွင် ထားရှိသည့် နောက်ထပ် ယူဆချက် တစ်ခုမှာ မြန်မာနိုင်ငံရှိ အိမ်ထောင်စုများ အသုံးပြုကြသည့် ဘေးဒုက္ခ ရင်ဆိုင်ကျော်လွှားမှု နည်းလမ်းများအရ မြန်မာနိုင်ငံရှိ consumption-smoothing ပုံစံများသည် နိုင်ငံတကာ သုတေသနစာတမ်းများတွင် ပါရှိသည့် ပုံစံများနှင့် ဆင်တူလိမ့်မည်ဟု ယူဆထားခြင်း ဖြစ်ပါသည်။ စတုတ္ထမြောက်ကနဦးသတ်ချက်မှာ ဤအစီရင်ခံစာတွင် ထည့်သွင်းတင်ပြထားသော သက်ရောက် မှုများသည် ရေတိုသက်ရောက်မှုများသာ ဖြစ်ပါသည်။ ထို့ကြောင့် လေ့ဒေါင်းများနှင့် လက်ရှိ ဖြစ်ပေါ်နေသည့် ဖွံ့ဖြိုးတိုးတက်မှု၊ ဒီမိုကရေစီစနစ် ကူးပြောင်းမှုနှင့် လူ့အခွင့်အရေးဆိုင်ရာ အကျပ်အတည်းများ ယခုထက်ပို၍ များစွာ ရှည်ကြာပြင်းထန်နေပါက လက်တွေ့ကိန်းဂဏန်း များသည် အစီရင်ခံစာပါ အမြင့်ဆုံးခန့်မှန်းတန်ဖိုးများထက်ပင် ကျော်လွန်နေနိုင်ပါသည်။ ငါးခု မြောက်ကနဦးသတ်ချက်မှာ မြေပြင်တွင် အခြေအနေများ လျှင်မြန်စွာ ပြောင်းလဲနေခြင်းကြောင့် ဤအစီရင်ခံစာပါ ခန့်မှန်းချက်များသည် ဆိုးရွားပြင်းထန်နေသည့် ဘေးဒုက္ခ၏ လူမှုစီးပွားဆိုင်ရာ သက်ရောက်မှုကို ပထမအကြိမ်အဖြစ် တိုင်းတာရန် ကြိုးပမ်းထားခြင်းသာ ဖြစ်ပါသည်။ လက်ရှိအချိန်တွင် အချိန်နှင့်တစ်ပြေးညီ အချက်အလက်များကို စုဆောင်းရန် ခက်ခဲနေသော်လည်း နောက်ပိုင်းတွင် အချက်အလက်စုဆောင်းခြင်း၊ မော်ဒယ်များ တည်ဆောက်၍ ဆန်းစစ်ခြင်း (modelling exercises) နှင့် စိစစ်လေ့လာခြင်းတို့ကို ဆက်လက်ဆောင်ရွက်၍ ဤအစီရင်ခံစာပါ ယူဆချက်များနှင့် ခန့်မှန်းချက်များ ပိုမိုခိုင်မာအားကောင်းလာစေရန်အတွက် အားဖြည့် သွားမည်ဖြစ်သည်။ စီးပွားရေး၊ ကျန်းမာရေးနှင့် နိုင်ငံရေး အကျပ်အတည်းများ၏ သက်ရောက် ပုံသည် လူတစ်ဦးနှင့် တစ်ဦး မတူညီကြပါ။ ထိခိုက်လွယ်သော လူအုပ်စုများသည် ပို၍ ထိခိုက် ခံစားကြရပါသည်။ ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းသူများ၊ တိုင်းရင်းသားလူနည်းစုများနှင့် အထူးသဖြင့် ရိုဟင်ဂျာများအပေါ် သက်ရောက်မှုသည် ပို၍ ပြင်းထန်နိုင်ပါသည်။ သို့သော် လက်ရှိအချိန်တွင် အချက်အလက်များ ရရှိနိုင်မှု အကန့်အသတ် ရှိသဖြင့် ဤတစ်ကြိမ်တွင် အဆိုပါသီးခြားအုပ်စုများအပေါ် ကိုဗစ်-၁၉ နှင့် စစ်အာဏာသိမ်းမှုတို့၏ သက်ရောက်မှုကို တိကျစွာ တင်ပြပေးနိုင်စွမ်း မရှိခြင်းသည် ဤလေ့လာမှု၏ နောက်ဆုံးကနဦးသတ်ချက်တစ်ခုပင် ဖြစ်ပါသည်။

## ၅။ သုံးသပ်ချက်များ

ဤစာတမ်းတွင် ဆွေးနွေးတင်ပြထားသော စိစစ်လေ့လာမှုတွင် မြန်မာနိုင်ငံ၌ မူလကတည်းက ရှိနေသော ထိခိုက်လွယ်မှုများ (အထူးသဖြင့် ဆင်းရဲတွင်းသို့ အလွယ်တကူကျဆင်းသွားနိုင်မှု) ကို လေ့လာခဲ့ပြီး ကိုဗစ်-၁၉ နှင့် လက်ရှိ ဖြစ်ပေါ်နေသည့် *စစ်အာဏာသိမ်းမှု* တို့ ပေါင်းစပ်ကာ ဘေးဒုက္ခများ ဆိုးရွားပြင်းထန်လာမှုကြောင့် လူမှုစီးပွားဆိုင်ရာ ထိခိုက်မှုများကို တိုင်းတာနိုင်ရန် ကြိုးပမ်းထားပါသည်။

မြန်မာနိုင်ငံသည် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတွင် ပြည့်ပြည့်စုံစုံ ညီညီမျှမျှ ဆောင်ရွက်နိုင်ခြင်း မရှိသေးသော်လည်း သိသာထင်ရှားသည့် တိုးတက်မှုများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်ဖြစ်ရာ ၂၀၀၅

ခုနှစ်မှ ၂၀၁၇ ခုနှစ်ကြား ကာလအတွင်းတွင် ဆင်းရဲနွမ်းပါးမှုနှုန်းသည် ထက်ဝက် ကျဆင်းခဲ့ပါသည်။ ထိုကဲ့သို့တိုးတက်မှုများ ရှိခဲ့သည့်တိုင် ကြီးမားသည့် ထိခိုက်လွယ်မှုများ ရှိနေဆဲ ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံ လူဦးရေ၏ သုံးပုံတစ်ပုံသည် ဆင်းရဲနွမ်းပါးမှုမျဉ်းအနီးသို့ ရောက်ရှိနေကာ ထိုမျဉ်းအောက်သို့ အချိန်မရွေးကျရောက် သွားနိုင်သူများ (near poor) ဟု သတ်မှတ်ခံရပါသည်။ နိုင်ငံ၏ လူမှုကာကွယ်ရေးစနစ်သည် အားနည်းပြီး အိမ်ထောင်စုများသည် အာမခံချက်မရှိသည့်၊ တည်ငြိမ်မှုမရှိသည့် ဝင်ငွေများပေါ်တွင် အဓိကမှီခိုအားထားနေရသည်နှင့်အညီ လူဦးရေ၏ ကြီးမားသော အချိုးအစားသည် ပြင်ပမှ ဘေးဒုက္ခအန္တရာယ်တစ်ခု မမျှော်လင့်ဘဲ ကျရောက်လာပါက ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်သို့ အလွယ်တကူ ကျရောက်သွားနိုင်သူများ ဖြစ်နေကြပါသည်။

ထိုသူများအား ဆင်းရဲတွင်းသို့ တွန်းချနိုင်သည့် ပထမဆုံး ကပ်ဘေးအန္တရာယ်တစ်ခုသည် ၂၀၂၀ ပြည့်နှစ် အစောပိုင်းတွင် ကျရောက်လာခဲ့ပါသည်။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီး မူလက ရှိနေသည့် ထိခိုက်လွယ်မှုများကို ပေါ်လွင်ထင်ရှားလာ စေကာ အလျှင်အမြန် ဆိုးရွားပြင်းထန်လာခဲ့ပါသည်။ HVS 2020 စစ်တမ်းမှ အချက်အလက်များအား သက်သေအထောက်အထားအဖြစ် ရရှိခဲ့ပြီး MLCS 2017 စစ်တမ်းမှ အချက်အလက်များ ကို baseline အဖြစ် အသုံးပြုကာ နိုင်ငံတကာမှ ထုတ်ဝေထားသော သုတေသနစာတမ်းများကို အထောက်အကူအဖြစ် လေ့လာ၍ ခန့်မှန်းတွက်ချက်မှုများ ပြုလုပ်ခဲ့ရာ ၂၀၂၁ ခုနှစ် အစပိုင်းတွင် ဆင်းရဲနွမ်းပါးမှုနှုန်းသည် အနည်းဆုံး ၆ ရာခိုင်နှုန်းမှ အများဆုံး ၁၁ ရာခိုင်နှုန်းအထိ တိုး လာမည်ဟု ညွှန်ပြနေပါသည်။ ဤသည်မှာ အဓိကအားဖြင့် ကမ္ဘာ့ကပ်ရောဂါတစ်ခုတည်းကြောင့် ဖြစ်ပေါ်လာသည့် ရလဒ်ဖြစ်သော်လည်း တစ်စိတ်တစ်ဒေသအားဖြင့် အများစုသောလူများအား ထိခိုက်လွယ်စေနိုင်သော မြန်မာ့လူမှုကာကွယ်ရေးစနစ်၏ ပိုမိုစနစ်ကျနသော အများသုံးလူမှုအစီအမံများအား လိုက်နာကျင့်သုံးရန် မစွမ်းသာမှုကြောင့်လည်း ဖြစ်သည်။

မြန်မာနိုင်ငံသည် ကပ်ရောဂါကာလအလွန် ပြန်လည်ထူထောင်ရေး အစီအစဉ်များ စတင်ရေး ဆွဲဆောင်ရွက်နေစဉ်မှာပင် စစ်တပ်၏ အာဏာသိမ်းမှုနှင့်အတူ အဆိုပါ ဘေးဒုက္ခများ ပိုမိုဆိုး ရွားပြင်းထန်လာခဲ့ပါသည်။ အာဏာသိမ်းမှုသည် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ၏ သက်ရောက်မှု များကို ပိုမိုဆိုးရွားပြင်းထန်စေခဲ့ပြီး နိုင်ငံတစ်ဝှမ်း ဝင်ငွေများ လျော့နည်းကျဆင်းကာ ဆင်းရဲ နွမ်းပါးမှုနှုန်းများ မြင့်တက်လာပါသည်။ သက်ရောက်မှုများသည် လူအုပ်စုများအားလုံးအပေါ် ညီတူညီမျှ ကျရောက်ခြင်း မဟုတ်ဘဲ အထူးသဖြင့် ဆင်းရဲနွမ်းပါးသူများနှင့် အချိန်မရွေး ဆင်းရဲ နွမ်းပါးသွားနိုင်သူများအပေါ် ပို၍ပြင်းထန်စွာ ထိခိုက်နိုင်ဖွယ်ရှိပါသည်။ ကျားမကွာဟချက်၊ လူနည်းစုများ၊ နေရပ်စွန့်ခွာရွှေ့ပြောင်းသူများနှင့် နိုင်ငံမဲ့များ ရင်ဆိုင်ကြရသည့် တန်းတူညီမျှ မရှိမှုများနှင့် ခေတ်မီသတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာအား လက်လှမ်းမီနိုင်မှု ကွာဟချက် (digital divide) တို့ကြောင့်လည်း ပို၍ ဆိုးရွားသွားနိုင်ပါသည်။ ထိုအကြောင်း အချက်များအားလုံးကို အသေးစိတ်လေ့လာပြီး မတူညီသော အုပ်စုများအပေါ် ကွဲပြားစွာ သက် ရောက်မှုများအား နားလည်သိရှိနိုင်ရန် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ကာ ကွဲပြားမှုများ ရှိနေ သည်ကို အသိအမှတ်ပြု မှတ်တမ်းတင်ထားရမည်ဖြစ်ပါသည်။

ကလေးသူငယ်ဆင်းရဲနွမ်းပါးမှုသည် ဆက်လက်မြင့်မားနေဖွယ်ရှိကြောင်း တွေ့ရှိရသကဲ့သို့ (နိုင်ငံရေးကပ်ဘေးသည် ကာလရှည်ကြာ ဖြစ်ပေါ်နေမည်ဆိုပါက ကလေးများ၏ ထက်ဝက် ကျော်သည် ဆင်းရဲနွမ်းပါးနိုင်) ဤသုတေသနမှ နောက်ထပ်တွေ့ရှိချက်နှစ်ခုလည်း ထွက်ပေါ်ခဲ့ ပါသည်။

တွေ့ရှိချက်တစ်ခုမှာ ကိုဗစ်-၁၉ ၏ သက်ရောက်မှုသည် အရပ်သားအစိုးရအား ဖြုတ် ချမှုကြောင့် ပိုမိုဆိုးရွားပြင်းထန်လာသည့်အလျှောက် မြို့ပြဆင်းရဲနွမ်းပါးမှုသည် မြင့်တက်လာ နိုင်ပါသည်။ ဤသို့ဖြစ်ရခြင်းမှာ ဆင်းရဲနွမ်းပါးမှုမျဉ်းအနီး ရောက်ရှိနေသူ များပြားသည့် မြို့ပြ ဒေသများသည် ကိုဗစ်-၁၉ ၏ ဒဏ်ကို အပြင်းထန်ဆုံးခံခဲ့ရသည့်အချက်နှင့် ဆက်စပ်နေပါသည်။ ပို၍ အရေးကြီးသည်မှာ ကိုဗစ်-၁၉ နှင့် စစ်အာဏာသိမ်းမှုမှ ပေါင်းစပ်သက်ရောက်မှုများကြောင့် အမျိုးသမီးဦးစီးသော အိမ်ထောင်စုများသည် ဆင်းရဲနွမ်းပါးနိုင်ခြေ ပိုများသည် ('feminisation' of poverty) ကို တွေ့ရှိရပါသည်။ ဤစာတမ်းတွင် တင်ပြဆွေးနွေးခဲ့သကဲ့သို့ ယင်းသည် မြန်မာနိုင်ငံရှိ အမျိုးသမီးများ လုပ်ကိုင်သော အလုပ်အကိုင်အမျိုးအစားများနှင့် လုပ်ငန်းကဏ္ဍများကြောင့်သာမက လုပ်ခလစာမရသည့် အိမ်မှုကိစ္စများကို အမျိုးသမီးများက မမျှမတ ထမ်းဆောင်ကြရခြင်းကြောင့်လည်း ဖြစ်ပါသည်။ ဒုတိယအချက်ကြောင့် အမျိုးသမီးများ အလုပ်ထွက်ခဲ့ရသည့် သာဓကများ မြောက်များစွာ ရှိခဲ့ပြီး ဖြစ်ပါသည်။

သို့သော် အဆိုပါဘေးဒုက္ခများသည် ဆင်းရဲနွမ်းပါးမှုနှုန်းများ မြင့်တက်ခြင်းအပြင် ပိုမိုကြီးမား ကျယ်ပြန့်သော ရိုက်ခတ်မှုများကိုလည်း ဖြစ်ပေါ်စေခဲ့ပါသည်။ မြေပြင်ပေါ်မှ ကနဦး ရရှိခဲ့သော အထောက်အထားများအရ ထိုဘေးဒုက္ခများသည် ကြီးမားသော သက်ရောက်မှုများကို ဖြစ်ပေါ် စေမည်ဖြစ်ပြီး လွန်ခဲ့သော ဆယ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံမှ ရရှိထားသည့် လူသား ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စွမ်းဆောင်အောင်မြင်မှု အများအပြားကို ပြန်လည်ဆုံးရှုံးစေမည် ဖြစ်ပါ သည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များအားလုံး ပြည့်မီရေး ဆောင်ရွက်ရာတွင် ရရှိထားသော တိုးတက်မှုများမှာ ပြည့်စုံခြင်း မရှိခဲ့သော်လည်း ထိုမပြည့်စုံသည့် တိုးတက်မှုများ သည်ပင်လျှင် ရပ်တန့်သွားနိုင်သည့်အန္တရာယ် ရှိနေပါသည်။ မကြာမီက ဖြစ်ပေါ်ခဲ့သည့် အဖြစ် အပျက်များကြောင့် 'လူဦးရေဆုလာဘ် (demographic dividend)' ဟုခေါ်ဆိုနိုင်သော ငယ်ရွယ်၍ ကြီးမားသော လုပ်သားအင်အားထု တိုးတက်ဖြစ်ထွန်းမှုနှင့် ပတ်သက်ပြီး မေးခွန်းထုတ်စရာ ဖြစ်လာပါသည်။ အထူးသဖြင့် လူသားအရင်းအနှီးဖွံ့ဖြိုးတိုးတက်မှုများ ဆုံးရှုံးသွားမည်ဆိုလျှင် ထိုဆုလာဘ်ကို ခံစားနိုင်မည့် အခွင့်အလမ်း ပို၍ပင် နည်းပါးသွားမည်ဖြစ်ပါသည်။[51] နောက်ဆုံးအနေဖြင့် တင်ပြလိုသည်မှာ လက်ရှိဖြစ်ပေါ်ပြောင်းလဲနေမှုများသည် နိုင်ငံ၏ အချို့ဒေသများတွင် ကြုံတွေ့နေရသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခက်အခဲများကိုလည်း ပိုမိုကြီးမားလာစေ နိုင်သည်ဟူသော အချက်ဖြစ်ပါသည်။ ဤအစီရင်ခံစာတွင် တင်ပြထားသော ရလဒ်များ ပိုမို ခိုင်မာလာစေရန်နှင့် ဖြစ်ပေါ်နေသည့် အကျပ်အတည်း၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များအပေါ် ပိုမိုကြီးမား ကျယ်ပြန့်သည့် သက်ရောက်မှုကို ညွှန်ပြပေးနိုင်သည့် အထောက်အထားများ ထပ်ဆောင်းရရှိနိုင်ရန်အတွက် UNDP သည် မကြာမီကာလတွင် အချက် အလက်များ ထပ်မံစုဆောင်း၍ စက်မှုလုပ်ငန်းကဏ္ဍဆိုင်ရာ ညွှန်ကိန်းအချို့ကို ဖော်ထုတ်ရန် အစီအစဉ်ရှိပါသည်။

လူသားချင်းစာနာထောက်ထားမှုအရသာမက ဖွံ့ဖြိုးရေး၊ ဒီမိုကရေစီစနစ် ကူးပြောင်းရေးနှင့် လူ့အခွင့်အရေးများဆိုင်ရာ ကြီးမားနက်ရှိုင်းသည့် အကျပ်အတည်းအဖြစ်ပါ အလွန်ရှုပ်ထွေး ပြင်းထန်သော အခြေအနေတစ်ခု ဖြစ်ပေါ်လျက်ရှိရာ မြန်မာပြည်သူများ၏ ဘဝ အဆင်ပြေဖူလုံရေးအတွက် ကာကွယ်စောင့်ရှောက်ပေးရာတွင် နိုင်ငံတကာမှ ကူညီပံ့ပိုးမှုများသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လာမည်ဖြစ်ပါသည်။ ကိုဗစ်-၁၉ ကြောင့် အားနည်းချိနဲ့နေပြီဖြစ်သော အခြေအနေတွင်

[51] http://documents1.worldbank.org/curated/en/867951479745020851/pdf/WPS7893.pdf

လက်ရှိမြေပြင်ပေါ်တွင် ဖြစ်ပွားပေါ်ပေါက်နေမှုများကြောင့် ပို၍ အခြေအနေ ဆိုးရွားလာရာ မြန်မာနိုင်ငံအနေဖြင့် SDG ပန်းတိုင်များ ပြည့်မီရေး အလှမ်းမမီတော့ဘဲ လွန်ခဲ့သော ဆယ်နှစ်တာကာလအတွင်းက ရရှိထားသည့် လူသားဖွံ့ဖြိုးမှုဆိုင်ရာ တိုးတက်အောင်မြင်မှုများကို လုံးလုံးလျားလျား ပြန်လည်ဆုံးရှုံးသွားမည့် အန္တရာယ်ကို ရင်ဆိုင်နေရပြီ ဖြစ်ပါသည်။

## နည်းပညာဆိုင်ရာ နောက်ဆက်တွဲစာတမ်း

ဆင်းရဲနွမ်းပါးမှုအပေါ် ဝင်ငွေဆုံးရှုံးမှုများ၏ သက်ရောက်မှုကို ခန့်မှန်းနိုင်ရန်အတွက် အချက် အလက် ရင်းမြစ်အမျိုးမျိုးနှင့် ကျွမ်းကျင်သူများ၏ အကူအညီများ ရယူသည့် 'bottom-up' နည်း လမ်းတစ်ခု အသုံးပြု၍ ကမ္ဘာ့ကပ်ရောဂါကြောင့် မည်သည့်ဝင်ငွေရင်းမြစ်များနှင့် မည်သည့် ကဏ္ဍများအပေါ် ထိခိုက်မှုအများဆုံးဖြစ်မည်ဆိုသည်ကို လေ့လာဖော်ထုတ်ခဲ့ပါသည်။ အဆိုပါ အချက်အလက်ရင်းမြစ်များထဲတွင် Institute for Fiscal Studies (2020) မှ ထုတ်ဝေထားသော စာတမ်းများ၊[52] မြန်မာနိုင်ငံရှိ UNDP ဝန်ထမ်းများမှ ပြုစုပေးထားသော စာတမ်းတစ်ခု (UNDP 2020)[53] နှင့် Brookings Institution (2021) မှ ပြုစုပေးထားသော စာတမ်းတစ်ခု[54] တို့ ပါဝင်ပါ သည်။ ဤလေ့လာမှုတွင် အဓိကအသုံးပြုထားသည့် ဝင်ငွေနှင့်စပ်လျဉ်းသော ယူဆချက်များ (assumptions) မှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

- ဆောက်လုပ်ရေး၊ လက်လီရောင်းချခြင်းနှင့် အချို့သော ကုန်ထုတ်လုပ်မှု ကဏ္ဍများတွင် လုပ်ခလစာ ထိခိုက်မှုများကို အများဆုံး တွေ့ရှိရမည်ဟု ယူဆထားပါသည်။
- လုပ်ခလစာများ ဆုံးရှုံးမှုကို အကဲဖြတ်ဆန်းစစ်ရာတွင် လော့ဒေါင်းချထားသည့် ကာလကို ခြောက်လဟု ယူဆ၍ ဆန်းစစ်ထားပါသည်။ ဆိုလိုသည်မှာ လော့ဒေါင်းချထားစဉ် အတွင်း လုပ်ခလစာများ လုံးဝမရရှိဘဲ ထိုနှစ်၏ ကျန်ရှိသည့် လများတွင် စီးပွားရေး နှေးကွေးကျဆင်းသွားမှုကြောင့် ဝင်ငွေ ၅၀ ရာခိုင်နှုန်း ထိခိုက်မည်ဟု ယူဆခြင်း ဖြစ် ပါသည်။
- စိုက်ပျိုးထုတ်လုပ်မှုများသည် ၈.၄ ရာခိုင်နှုန်း ကျဆင်းသွားမည်ဟု ယူဆထားပါသည်။ ဤကိန်းဂဏန်းကို HVS 2020 မှ ယူထားခြင်းဖြစ်ပြီး စစ်တမ်းဖြေဆိုသူများထဲမှ ၎င်းတို့၏ လယ်ယာမြေကို စိုက်ပျိုးခြင်းမရှိဘဲ ပလပ်ထားသူအချိုးအစားပေါ်တွင် အခြေခံ၍ တွက်ချက်ထားခြင်း ဖြစ်ပါသည်။

[52] https://www.ifs.org.uk/publications/14791#:~:text=The%20list%20of%20sectors%20classed,7990)%3B%20childcare%20(8510%2C%208891

[53] UNDP (2020) "Socio economic impact of COVID 19 in Myanmar (မြန်မာနိုင်ငံရှိ ကိုဗစ်-၁၉ ၏ လူမှုစီးပွားဆိုင်ရာ သက်ရောက်မှုများ", mimeo

[54] https://www.brookings.edu/blog/future-development/2020/12/01/myanmars-response-to-the-covid-19-pandemic/

- World Bank (2020)[55]၏ မကြာသေးမီက ခန့်မှန်းထားသော တန်ဖိုးများပေါ်တွင် အခြေခံ ၍ နှစ်စဉ်လွှဲပို့ငွေစီးဝင်မှုတွင် လွှဲပို့ငွေများ၏ ၂၀ ရာခိုင်နှုန်း ကျဆင်းသွားမည်ဟု ခန့်မှန်းထားပါသည်။
- ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုအချို့သည် အစိုးရ၏ ထောက်ပံ့ငွေများကို လက်ခံရရှိ ခဲ့ကြပါသည်။ ထို့ကြောင့် နိုင်ငံတကာဆင်းရဲနွမ်းပါးမှုမျဉ်း (တစ်နေ့တာတွင် လူတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁.၉၀) အောက်တွင် ရှိသော အိမ်ထောင်စုများအားလုံးသည် ထောက်ပံ့ငွေ ၄၀,၀၀၀ ကျပ် ရရှိခဲ့သည်ဟု ယူဆထားပါသည်။ ဤသည်မှာ အိမ်ထောင် စုအချို့ လက်ခံရရှိသည့် ကူညီထောက်ပံ့မှုများကို ထည့်သွင်းတွက်ချက်ရာတွင် လွယ်ကူ စေရန်အတွက် ခြုံငုံယူဆထားချက်တစ်ခုမျှသာ ဖြစ်ပါသည်။ ထို့ကြောင့် ဤရလဒ်များ သည် အကူအညီ၊ အထောက်အပံ့များ ဖြန့်ဝေပေးခြင်းဆိုင်ရာ အပိုင်းကို အပြည့်အဝ လွှမ်းခြုံတင်ပြပေးနိုင်ခြင်း မရှိပါသည်။

**ဇယား (က-၁) - ကိုဗစ်-၁၉ ၏ သက်ရောက်မှု - ချဉ်းကပ်ဆောင်ရွက်သည့် နည်းလမ်းနှင့် ယူဆချက်များတွင် အခြားသော ဝင်ငွေများ ဆုံးရှုံးရမှုနှင့် စပ်လျဉ်းသည့် ယူဆချက်များအားလုံး ကို အပြည့်အစုံ ဖော်ပြပေးထားပါသည်။**

**ဇယား (က-၂)** - ဝင်ငွေအပေါ်ထိခိုက်မှုများ (Income Shocks) နှင့် လူတို့၏ **ဖြစ်ပေါ်လာသည့် အခြေအနေအမျိုးမျိုးအရ** ပစ္စုပ္ပန်သုံးစွဲမှုနှင့် အနာဂတ်တွင် သုံးစွဲရန် စုဆောင်းမှုတို့အကြား ဘက်ညီမျှတအောင် သုံးစွဲနေထိုင်မှု (consumption smoothing) နှင့် စပ်လျဉ်းသည့် နိုင်ငံတကာသုတေသန စာတမ်းများကို အကျဉ်းချုပ်တင်ပြထားပါသည်။ ဤစိစစ်လေ့လာမှုတွင် အသုံးပြုသည့် consumption-smoothing ပါရာမီတာများအား ခန့်မှန်းတွက်ချက်ရာတွင် အထောက်အကူ ကိရိယာတစ်ခုအဖြစ် အသုံးပြုခဲ့သော စာတမ်းများ ဖြစ်ပါသည်။ ရရှိနိုင်သော အထောက်အထားများပေါ်တွင် အခြေခံ၍ HVS 2020 တွင် ဖော်ပြပါရှိသော ဘေးဒုက္ခရင်ဆိုင် ကျော်လွှားသည့် နည်းလမ်းများကို ထည့်သွင်းစဉ်းစားလျှက် ဤစိစစ်လေ့လာမှုတွင် အသုံးပြု ထားသော ပါရာမီတာ နှစ်ခုမှာ ဝ.၂ နှင့် ဝ.၃၅ ဖြစ်ပြီး ထိုပါရာမီတာများသည် စားသုံးမှု လျော့ကျသွားမှု အနိမ့်ဆုံးတန်ဖိုးနှင့် အမြင့်ဆုံးတန်ဖိုး (lower and upper bound of consumption reduction) တို့နှင့် ကိုက်ညီပါသည်။ အတိအကျဆိုရလျှင် ဤလေ့လာမှုတွင် ဝင်ငွေတစ်ယူနစ် ဆုံးရှုံးမှုနှင့်အတူ စားသုံးမှု ဝ.၂ ယူနစ် (lower bound) နှင့် ဝ.၃၅ ယူနစ် (upper bound) လျော့ နည်းသွားပါသည်။ ထို့နောက် အသစ်တွက်ထုတ်ရရှိသော စားသုံးမှုစုစုပေါင်း (consumption aggregate) ကို အသုံးပြု၍ ဆင်းရဲနွမ်းပါးမှုနှုန်းအသစ်၏ အနိမ့်ဆုံး/အမြင့်ဆုံး တန်ဖိုးများကို တွက်ချက်ထားပါသည်။

နိုင်ငံရေးအကျပ်အတည်း၏ သက်ရောက်မှုကို ဆန်းစစ်အကဲဖြတ်သောအခါတွင် နည်းစနစ် ပိုင်းဆိုင်ရာအရ အလားတူနည်းလမ်းကို အသုံးပြုခဲ့ပါသည်။ ဆင်းရဲနွမ်းပါးမှုနှုန်းများအပေါ် အကျပ်အတည်း၏ သက်ရောက်မှုကို ခန့်မှန်းရန်အတွက် အခြေခံ (baseline) အသစ်အဖြစ် ဝင်ငွေစုစုပေါင်း (income aggregate) တန်ဖိုးအသစ် (ကိုဗစ်-၁၉ ၏ သက်ရောက်မှုကို ထည့် သွင်းစဉ်းစားပြီးနောက် ရရှိသော တန်ဖိုး) ကို အသုံးပြုခဲ့ပါသည်။ မြေပြင်တွင် လက်ရှိ ဖြစ်ပေါ် နေသော အခြေအနေများနှင့် စီးပွားရေးပိတ်ဆို့မှုများကြောင့်

[55] https://www.worldbank.org/en/news/press-release/2020/04/22/world-bank-predicts-sharpest-decline-of-remittances-in-recent-history

ဖြစ်ပေါ်လာနိုင်သည့် ရိုက်ခတ်မှု များကြောင့် ထပ်မံဆုံးရှုံးရမည့် ဝင်ငွေများကို ထိုတန်ဖိုးတွင် ပေါင်းထည့်ခဲ့ပါသည်။

**ဇယား (က–၃) စစ်အာဏာသိမ်းမှု၏ သက်ရောက်မှုအဖြစ် ဆင့်ကဲဖြစ်ပေါ်လာသော ဘေးဒုက္ခများ တွင် ဤအပိုင်းကို** စိစစ်လေ့လာရာ၌ အသုံးပြုခဲ့သော ယူဆချက်များအား ဖော်ပြထားပါသည်။ ပထမဦးစွာ ရရှိနိုင်သော စာရွက်စာတမ်းများပေါ်တွင် အခြေခံ၍ စီးပွားရေးပိတ်ဆို့ခံရမှု အလား အလာများနှင့် စီးပွားရေးလုပ်ဆောင်မှုများ (ဥပမာ ဘဏ္ဍာရေး သို့မဟုတ် သတ္တုတူးဖော်ခြင်း) နှေးကွေးကျဆင်းသွားမှုတို့ကြောင့် ထိခိုက်မှုအရှိနိုင်ဆုံး ကဏ္ဍများကို ခန့်မှန်းပါသည်။ ထိုသို့ ခန့်မှန်းရာတွင် အဆိုပါကဏ္ဍများရှိ လုပ်ခလစာများနှင့် စီးပွားရေးလုပ်ငန်းမှ ရရှိသော ဝင်ငွေ များသည် နှစ်စဉ် ထက်ဝက်ကျဆင်းသွားလိမ့်မည်ဟု ယူဆထားပါသည်။ ကျန်ရှိသော ကဏ္ဍ များတွင်မူ လုပ်ခလစာများနှင့် စီးပွားရေးလုပ်ငန်းမှ ရရှိသော ဝင်ငွေများသည် ၂၅ ရာခိုင်နှုန်း ကျဆင်းသွားမည်ဟု ယူဆပါသည်။ ဤသည်မှာ အကောင်းဆုံးကို မျှော်လင့်၍ ခန့်မှန်းထားသော ဖြစ်နိုင်ခြေတစ်ခု ဖြစ်ပါသည်။ အဆိုးဆုံးကို မျှော်လင့်၍ ခန့်မှန်းထားချက်တွင် လုပ်ခ လစာများနှင့် စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေများ အားလုံးသည် နှစ်စဉ် ထက်ဝက်ကျဆင်း သွားနိုင်သည်ဟု ယူဆပါသည်။ ထိုဖြစ်နိုင်ခြေနှစ်မျိုးစလုံးတွင် စိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေ ဆုံးရှုံးမှုသည် စိုက်ပျိုးထုတ်လုပ်သူများ ရင်ဆိုင်ရသော စိန်ခေါ်မှုအချို့ကြောင့် ၁၀ ရာခိုင်နှုန်း ဆုံးရှုံးမည်ဟု ယူဆထားပါသည်။ ထို့အပြင် ဘဏ္ဍာရေးကဏ္ဍ လုပ်ငန်းလည်ပတ်မှုများ ပြတ်တောက်ခြင်းနှင့် အာဏာဖီဆန်ရေး လှုပ်ရှားမှုများကြောင့် လွှဲပို့ငွေများနှင့် လူမှုရေး ထောက်ပံ့ ငွေများသည်လည်း နောက်ထပ် ၁၀ ရာခိုင်နှုန်း ထိခိုက်နိုင်ဖွယ်ရှိသည်ဟု ယူဆပါသည်။

ကိုဗစ်–၁၉ ၏ သက်ရောက်မှုကို ဆန်းစစ်စဉ်ကကဲ့သို့ပင် ဤသို့ ဝင်ငွေများ ထပ်ဆောင်းဆုံးရှုံး ရမှုသည် စားသုံးမှု လျှော့ချခြင်းအဖြစ်သို့ မည်သို့ ပြောင်းလဲသွားသည်ဆိုသည်ကို ဆန်းစစ်ရန် အရေးကြီးပါသည်။ ကိုဗစ်–၁၉ နှင့် မတူသည့်အချက်မှာ စစ်အာဏာသိမ်းမှုတွင် ကြုံတွေ့ရသော ဘေးဒုက္ခသည် ကာလပို၍ရှည်ကြာနိုင်ပါသည်။ ထိုသို့ရှည်ကြာပါက ကိုဗစ်–၁၉ အတွက် အသုံး ပြုခဲ့သော ပါရာမီတာများကို အသုံးပြုရန် မဖြစ်နိုင်တော့ပါ။ ဘေးဒုက္ခကို ကာလရှည်ကြာ ခံစား ရမည်ဟု ယူဆပါက အိမ်ထောင်စုများ၏ အမူအကျင့်များသည် စားသုံးသူများ၏ သုံးစွဲမှုဆိုင်ရာ သီအိုရီတစ်ခုဖြစ်သည့် permanent income hypothesis နှင့် ပို၍ နီးစပ်လာနိုင်ပါသည်။ ထိုသီအိုရီအရ အိမ်ထောင်စုများသည် ၎င်းတို့မျှော်မှန်းနိုင်သည့် ရေရှည်ဝင်ငွေအပြောင်းအလဲ ပေါ်တွင် မူတည်၍ စားသုံးမှုပုံစံကို ဝင်ငွေဆုံးရှုံးမှုနှင့် အတိအကျညီမျှသော အချိုးဖြင့် ပြောင်း လဲစားသုံးကြပါသည် (ဆိုလိုသည်မှာ ဝင်ငွေတစ်ကျပ်ဆုံးရှုံးလျှင် တစ်ကျပ်ဖိုး လျှော့စားခြင်း ဖြစ်ပါသည်)။ ဤသီအိုရီကို အထောက်အပံ့ပြုရန်အတွက် ရေရှည်တွင် ရရှိနိုင်မည့် ပျမ်းမျှမျှော်မှန်းဝင်ငွေ ဆိုင်ရာ သုတေသနစာတမ်းများ (permanent income literature) ကို ပြန်လည်သုံးသပ်လေ့လာမှု ပြုခဲ့ပါသည် **(ဇယား က–၄) – ရေရှည်တွင် ရရှိနိုင်မည့် ပျမ်းမျှမျှော်မှန်းဝင်ငွေဆိုင်ရာ သီအိုရီနှင့် စပ်လျဉ်းသော သုတေသနစာတမ်းများအား လေ့လာသုံးသပ်ခြင်း)**။

| ဝင်ငွေရရှိသည့် ရင်းမြစ် | သက်ရောက်မှုရှိသော ကဏ္ဍ | ကိုဗစ်-၁၉<br>ယူဆချက် |
|---|---|---|
| လုပ်ခလစာများ (လခစားဝန်ထမ်းများအား ပေးငွေ) | ၂၀၁ (စိုက်ပျိုးရေး၊ သစ်တောလုပ်ငန်း၊ ငါးလုပ်ငန်း)၊ ၂၀၃ (စားသောက်ကုန်၊ အဖျော်ယမကာနှင့် ဆေးရွက်ကြီးနှင့်ပြုလုပ်သော ကုန်ပစ္စည်းများ ထုတ်လုပ်မှု)၊ ၂၀၄ (အထည်ချုပ်လုပ်ငန်း)၊ ၂၁၈ (လျှပ်စစ်၊ သဘာဝဓာတ်ငွေ့ နှင့် စွမ်းအင်)၊ ၂၂၀ (ဆောက်လုပ်ရေး)၊ ၂၂၃ (လက်လီရောင်းဝယ်ရေး)၊ ၂၂၄ (သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်မှု)၊ ၂၂၆ (အစားအသောက်ဝန်ဆောင်မှု)၊ ၂၂၅ (တည်းခိုနေထိုင်ရေး)၊ ၂၃၁ (အိမ်ခြံမြေ လုပ်ငန်းများ)၊ ၂၃၈ (အနုပညာ၊ ဖျော်ဖြေရေး)နှင့် ၂၄၀ (အလုပ်ရှင်များအဖြစ် လုပ်ကိုင်သည့် အိမ်ထောင်စု လုပ်ငန်းများ)၊ | Brookings Institution (2021) မှ ရရှိနိုင် သော စာရွက်စာတမ်းများပေါ်တွင် အခြေ ခံသည့် ယူဆချက်တစ်ခု – ခြောက်လတာ လော့ဒေါင်းချထားမှုတွင် လော့ဒေါင်း ကာလအတွင်း လုပ်ခလစာများ အားလုံး ထိခိုက်ပြီး ထိုနှစ်၏ ကျန်ရှိသော လများ တွင် တစ်စိတ်တစ်ပိုင်း (၅၀%) သာ ထိခိုက်မည်ဖြစ်သည်။ |
| လယ်ယာနှင့် မသက်ဆိုင်သော လုပ်ငန်းများမှ ဝင်ငွေ (စိုက်ပျိုးရေးနှင့်မသက်ဆိုင်သည့် ကိုယ်ပိုင် အလုပ်အကိုင်နှင့် စီးပွားရေး လုပ်ငန်းများ ပိုင်ဆိုင်မှုမှ ရရှိသော ဝင်ငွေ)၊ | ၂၀၁ (စိုက်ပျိုးရေး၊ သစ်တောလုပ်ငန်း၊ ငါးလုပ်ငန်း)၊ ၂၀၃ (စားသောက် ကုန်၊ အဖျော်ယမကာနှင့် ဆေးရွက်ကြီးနှင့်ပြုလုပ်သော ကုန်ပစ္စည်းများ ထုတ်လုပ် မှု)၊ ၂၀၄ (အထည်ချုပ်လုပ်ငန်း)၊ ၂၁၈ (လျှပ်စစ်၊ သဘာဝဓာတ်ငွေ့ နှင့် စွမ်းအင်)၊ ၂၂၀ (ဆောက်လုပ်ရေး)၊ ၂၂၃ (လက်လီရောင်းဝယ်ရေး)၊ ၂၂၄ (သယ်ယူ ပို့ဆောင်ရေးနှင့် သိုလှောင်မှု)၊ ၂၂၆ (အစားအသောက်ဝန်ဆောင်မှု)၊ ၂၂၅ (တည်းခိုနေထိုင်ရေး)၊ ၂၃၁ (အိမ်ခြံမြေ လုပ်ငန်းများ)၊ ၂၃၈ (အနုပညာ၊ ဖျော်ဖြေရေး)နှင့် ၂၄၀ (အလုပ်ရှင်များအဖြစ် လုပ်ကိုင်သည့် အိမ်ထောင်စု လုပ်ငန်းများ)၊ | Brookings Institution (2021) မှ ရရှိနိုင် သော စာရွက်စာတမ်းများပေါ်တွင် အခြေ ခံသည့် ယူဆချက်တစ်ခု – ခြောက်လတာ လော့ဒေါင်းချထားမှုတွင် လော့ဒေါင်း ကာလအတွင်း လုပ်ခလစာများ အားလုံး ထိခိုက်ပြီး ထိုနှစ်၏ ကျန်ရှိသော လများ တွင် တစ်စိတ်တစ်ပိုင်း (၅၀%) သာ ထိခိုက်မည်ဖြစ်သည်။ |

| | |
|---|---|
| လွှဲပို့ငွေများ (အိမ်ထောင်စုဝင် မဟုတ်တော့သူများထံမှ လက်ခံ ရရှိသော ငွေများ) | World Bank (2020) ၏ နောက်ဆုံး ခန့်မှန်းတန်ဖိုးများအရ တစ်နှစ်လျှင် ၂၀% လျော့ကျသွားမည်။ |
| ကောက်ပဲသီးနှံများ/ စိုက်ပျိုးရေး/ ရေသတ္တဝါမွေးမြူထုတ်လုပ်ရေး (ကောက်ပဲသီးနှံ စိုက်ပျိုးခြင်း၊ သစ်တောလုပ်ငန်း၊ တိရစ္ဆာန် မွေးမြူခြင်း၊ ငါးဖမ်းခြင်းနှင့် အခြား ရေသတ္တဝါ မွေးမြူရေး လုပ်ငန်းများမှ ဝင်ငွေများ) | HVS 2020 စစ်တမ်းမှ တွေ့ရှိချက်များအရ ၈.၄% ကျဆင်းသွားမည်။ |
| အခြားဝင်ငွေ (မြေငှားခ၊ အစိုးရ ထောက်ပံ့ကြေးနှင့် လူမှုရေး ထောက်ပံ့ငွေများ) | သက်ရောက်မှုမရှိ၊ |

ဇယား (က-၂) - ဝင်ငွေအပေါ်ထိခိုက်မှုများ (Income Shocks) နှင့် လူတို့၏ ဖြစ်ပေါ်လာသည့် အခြေအနေအမျိုးမျိုးအရ ပစ္စည်းပွန်သုံးစွဲမှုနှင့် အနာဂတ်တွင် သုံးစွဲရန် စုဆောင်းမှုတို့အကြား ဘက်ညီမျှတအောင် သုံးစွဲနေထိုင်မှု (consumption smoothing) နှင့် စပ်လျဉ်းသည့် သုတေသနစာတမ်းများအား လေ့လာသုံးသပ်မှု

| | ရေးသားသူ | Dataset(များ) | သုတေသနမေးခွန်းများ/ အသုံးပြုသော နည်းစနစ် | တွေ့ရှိချက်များ |
|---|---|---|---|---|
| ၁ | Gruber (1997) | 1968–1987 PSID | ကြိုတင်ခန့်မှန်းနိုင်ခြင်း မရှိသော ဝင်ငွေ အပြောင်း အလဲနှင့် ကြိုတင်ခန့်မှန်းနိုင်သော ဝင်ငွေအပြောင်း အလဲများအဖြစ် အလုပ်လက်မဲ့ ဖြစ်ခြင်း၏ စားသုံး မှုအပေါ် သက်ရောက်မှုကို လေ့လာခြင်း၊ | ကြိုတင်မျှော်မှန်းထားခြင်း မရှိဘဲ အလုပ်ရုပ် ဆိုင်းခံရမှုများအတွက် အလုပ်လက်မဲ့ အာမခံ Unemployment Insurance (UI) သည် consumption smoothing အတွက် ကြီး မားသော သက်ရောက်မှု ရှိပါသည်။ ဝန်ထမ်း ရရှိသည့် နှစ်စဉ်လစာ၏ ရာခိုင်နှုန်းအဖြစ် ဖော်ပြသော ပင်စင်လစာနှုန်း (replacement rate) ၁၀% မြင့်တက်လာခြင်းသည် အလုပ် လက်မဲ့ဖြစ်သွားချိန်တွင် စားသုံးမှုကျဆင်းခြင်း ၃% လျော့နည်းသွားပါသည်။ |
| 2 | Browning &Crossley (2001) | 1993 Canadian Out of Employment Panel (COEP) | ကနေဒါနိုင်ငံ အလုပ်လက်မဲ့အာမခံ (UI) စနစ်ဆိုင် ရာ ဥပဒေ ပြင်ဆင်ပြောင်းလဲမှုများပေါ်တွင် အခြေ ခံ၍ အလုပ်လက်မဲ့ဖြစ်ခြင်းကြောင့် မမျှော်လင့်ဘဲ ဝင်ငွေအပြောင်းအလဲဖြစ်ခြင်း၏ စားသုံးမှုအပေါ် သက်ရောက်မှုကို လေ့လာခြင်း၊ | UI အကျိုးခံစားခွင့်အပေါ် အသုံးစရိတ်၏ တုံ့ပြန်နိုင်မှုအတိုင်းအတာ (Elasticity of expenditure) သည် ၅% ရှိသည်။ ပိုင်ဆိုင်မှု နည်းပါးသူများအတွက် တုံ့ပြန်နိုင်မှု အတိုင်း အတာများ (Elasticities) သည် ၂၀% အထိ မြင့်မားပါသည် (ငွေဖြစ်လွယ်မှုအတွက် ကန့်သတ်ချက်များ ရှိနေသည့်အဖြစ်နှင့် ကိုက်ညီမှု ရှိပါသည်)။ |
| 3 | Stephens (2001) | 1968–92 PSID | အလုပ်လက်မဲ့ဖြစ်ခြင်းနှင့် မသန်စွမ်းဖြစ်ခြင်းတို့ ကြောင့် ရေရှည်ရရှိနိုင်မည့် ဝင်ငွေအပြောင်းအလဲ၏ စားသုံးမှုအပေါ် သက်ရောက်မှုအား လေ့လာ ခြင်း၊ | အထူးသဖြင့် ဝင်ငွေထိခိုက်မှုဖြစ်ချိန်တွင် စားသုံးမှုပြောင်းလဲသည့် ရာခိုင်နှုန်းသည် ဝင်ငွေပြောင်းလဲမှု ရာခိုင်နှုန်းထက် ပိုနည်းသည်။ နေရပ်စွန့်ခွာသော အိမ်ထောင်စုများ၏ အလုပ်ကိုင်ဆုံးရှုံးနိုင်ခြေ မြင့်မားလာမှုအား တုံ့ပြန်ပုံမှာ အလုပ်အကိုင် မဆုံးရှုံးမီအချိန်တွင် စားသုံးမှုကို လျှော့ချခြင်းဖြစ်ပါသည်။ |

| | | | | |
|---|---|---|---|---|
| 4 | Gertler & Gruber (2003) | Indonesian Resource mobilization study တွင် စုဆောင်းကောက်ယူခဲ့သည့် ၁၉၉၁၊ ၁၉၉၃ panel data များ | ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နာမကျန်းဖြစ်ခြင်းကြောင့် ဝင်ငွေအပြောင်းအလဲဖြစ်ခြင်း၏ စားသုံးမှုအပေါ် သက်ရောက်မှုအား လေ့လာခြင်း၊ | ဝင်ငွေအပြောင်းအလဲဖြစ်ခြင်း၏ ရလဒ်အဖြစ် ဝင်ငွေတစ်ယူနစ်လျော့သွားတိုင်း စားသုံးမှု ဝ.၃၅ ယူနစ် လျော့သွားပါသည်။ သာမန် ဖျားနာမှုများ (ခဏတာကြုံတွေ့ရသည့် ဘေးဒုက္ခဟု အဓိပ္ပါယ်ကောက်ယူနိုင်) ၏ သက်ရောက်မှုကို လူများက ကောင်းစွာ ကိုင်တွယ်ဖြေရှင်းနိုင် ပါသည်။ သို့သော် ရောဂါကြီးများ (ရေရှည်ကြုံ တွေ့ရမည့် ဘေးဒုက္ခ) ကိုမူ ဖြေရှင်းနိုင်စွမ်း ပိုနည်းပါသည်။ |
| 5 | Agarwal and Qian (2004) | စားသုံးသူများ၏ ငွေကြေးလွဲပြောင်းမှု များဆိုင်ရာ panel data များ | မျှော်လင့်မထားသော ဝင်ငွေအပြောင်းအလဲ များအပေါ် စားသုံးမှုနှင့် ကြွေးမြီတို့၏ တုံ့ပြန်မှု | ငွေဖြစ်လွယ်သည့် ပိုင်ဆိုင်ပစ္စည်း နည်းပါး သူများ သို့မဟုတ် ကြွေးဝယ်ကတ် ကန့်သတ် ငွေပမာဏ (credit card limit) နည်းပါးသူများသည် မမျှော်လင့်ဘဲ ဝင်ငွေအပြောင်း အလဲဖြစ်လာချိန်တွင် စားသုံးမှုကို သိသိသာသာ လျှော့ချကြပါသည်။ |
| 6 | Skoufias and Quisuming (2005) | ဘင်္ဂလားဒေ့ရှ်၊ အီသီယိုးပီးယား၊ မာလီနှင့် ရုရှားမှ အိမ်ထောင်စု အဆင့် panel data များ | ရုတ်တရက်ပေါ်ပေါက်လာသော ဘေးဒုက္ခများ၏ စားသုံးမှုနှင့် ဆင်းရဲနွမ်းပါးမှုအပေါ် သက်ရောက်မှု၊ | လူအများအပြားကို တစ်ပြိုင်နက်တည်း ထိခိုက် စေသော ကပ်ဘေးအန္တရာယ်များ ကြုံတွေ့သော အခါတွင် အစားအစာ စားသုံးမှုသည် အစား အစာမဟုတ်သော အခြားပစ္စည်းများ သုံးစွဲမှုထက် ပို၍ အာမခံချက်ရှိကြောင်း ဖြစ်ရပ် လေ့လာချက်များအားလုံးက ပြသနေပါသည်။ အစားအစာ စားသုံးမှုအပေါ် ဝင်ငွေအပြောင်း အလဲဖြစ်ခြင်း၏ သက်ရောက်မှုများကို တစ်စိတ် တစ်ပိုင်း သက်သာစေရန် နည်းလမ်းတစ်ခုအဖြစ် အစား အစာမဟုတ်သော အခြားပစ္စည်းများ သုံးစွဲမှုကို ပြောင်းလဲခြင်း ဖြစ်ဟန်တူ ပါသည်။ |
| 7 | Dercon et al. (2005) | ၁၉၉၉–၂၀၀၄ ခုနှစ်အတွင်း အီသီယိုး ပီးယား ကျေးရွာ ၁၅ ရွာမှ အချက် အလက်များ | စာတမ်းရေးသားသူများက ဘေးဒုက္ခ အမျိုးမျိုး ၏ စားသုံးမှုအပေါ် သက်ရောက်မှုအား လေ့လာ ဆန်းစစ်ပါသည်။ | မိုးခေါင်ရေရှားခြင်း၊ ရောဂါဖြစ်ခြင်းတို့နှင့် ဆက်နွှယ်သော ဝင်ငွေအပြောင်းအလဲများသည် အိမ်ထောင်စုများ၏ တစ်ဦးချင်းစားသုံးမှုကို ၂၀% နှင့် ၉% ခန့် အသီးသီး ကျဆင်းသွားစေကြောင်း စာတမ်းရေးသူများမှ တွေ့ရှိခဲ့သည်။ ထိုဘေး ဒုက္ခအန္တရာယ်များ၏ သက်ရောက်မှုသည် |

| | | | | |
|---|---|---|---|---|
| | | | | ကာလရှည်ကြာပြီး လွန်ခဲ့သော ၂.၅ နှစ်က ဖြစ်ပွားခဲ့ခြင်း ဖြစ်သည့်တိုင် စားသုံးမှုကို ထိခိုက်ဆဲ ဖြစ်ပါသည်။ |
| 8 | Yang and Choi (2007) | ဖိလစ်ပိုင်မှ ချိတ်ဆက်ကောက်ယူသော အိမ်ထောင်စုစစ်တမ်းများမှ အချက်အလက်များ၊ | ဝင်ငွေအပြောင်းအလဲများကို ခုသာခံသာရှိစေရန် လွှဲပို့ငွေများအား အသုံးပြုမှုကို လေ့လာခြင်း၊ | အကြမ်းဖျင်းအားဖြင့် အိမ်ထောင်စုဝင်ငွေ ကျဆင်းမှု၏ ၆၀% ခန့်ကို နိုင်ငံရပ်ခြားမှ စီးဝင် လာသော လွှဲပို့ငွေများဖြင့် အစားထိုးပါသည်။ ဝင်ငွေအပြောင်းအလဲများ ဖြစ်ပေါ်ချိန်တွင် ရွှေ့ ပြောင်းလုပ်သားရှိသော အိမ်ထောင်စုများ၏ စားသုံးမှုသည် ပြောင်းလဲခြင်း မရှိသော်လည်း ရွှေ့ပြောင်းလုပ်သားမရှိသော အိမ်ထောင်စုများ တွင် ဝင်ငွေအပြောင်းအလဲကြောင့် စားသုံးမှု အပြောင်းအလဲဖြစ်ခြင်းသည် ပြင်းထန်ပါသည်။ |
| 9 | Chen et al (2013) | UHIES from 1992–2003 | ဝင်ငွေအပြောင်းအလဲများ၏ စားသုံးမှုပုံစံများ အပေါ် သက်ရောက်မှု၊ | ၁၉၉၀ ပြည့်လွန်နှစ်များ၏ အစပိုင်းတွင် ဝင်ငွေ ၁% ပြောင်းလဲပါက စားသုံးမှု ၀.၆% ပြောင်းလဲ ပါသည်။ နောက်ပိုင်းနှစ်များအတွင်းတွင် အိမ်ထောင်စုများ၏ စားသုံးမှုကို များစွာ ပြောင်းလဲခြင်းမရှိအောင် ထိန်းထားနိုင်စွမ်း တိုးတက်လာပါသည်။ ဘေးဒုက္ခတစ်ခုနှင့် ကြုံတွေ့ရချိန်တွင် အိမ်ထောင်စုများသည် စားသုံးမှုကို ထိန်းထားနိုင်ရန် တာရှည်ခံ ပစ္စည်းများ သုံးစွဲမှုကို ဦးစွာ လျှော့ချကြပါသည်။ |
| 10 | Bruckner and Gradstein (2013) | ၁၉၈၀–၂၀၀၉ ကာလအတွင်း SSA နိုင်ငံ ၃၉ နိုင်ငံမှ Panel data များ၊ | ဆင်းရဲနွမ်းပါးသော နိုင်ငံများတွင် ကုန်ထွက် စုစုပေါင်း (Aggregate Output) ယာယီပြောင်း လဲခြင်း၏ စားသုံးမှုအပေါ် သက်ရောက်မှုများကို လေ့လာခြင်း၊ | စာတမ်းရေးသားသူများ၏ ခန့်မှန်းချက်များအရ ယာယီကုန်ထွက်မှ ရရှိသည့်ဝင်ငွေပေါ်တွင် ပြန်လည်သုံးစွဲမှုအချိုးအစား (marginal propensity to consume) ၀.၂ ခန့် ရှိကြောင်း တွေ့ရှိရသည်။ |
| 11 | Cui and Huang (2017) | တရုတ်နိုင်ငံ ကျေးလက်ဒေသမှ အိမ်ထောင်စုစစ်တမ်းများ | တရုတ်နိုင်ငံ ကျေးလက်ဒေသများတွင် ဝင်ငွေ/ အသုံးစရိတ်အပြောင်းအလဲများအပေါ် အစားအစာ အတွက် သုံးစွဲသည့်စရိတ်များ၏ တုံ့ပြန်ပြောင်းလဲ ပုံများအား လေ့လာခြင်း၊ | ကြီးမားသည့် ဝင်ငွေဆုံးရှုံးမှုများသည် အစား အစာအတွက် အသုံးစရိတ်များကို ၂၅-၃၀% လျှော့နည်းစေပါသည်။ ထို့ပြင် ဝင်ငွေနည်း အိမ်ထောင်စုများတွင် အစားအစာအတွက် အသုံးစရိတ်များသည် ကြီးမားသည့် ဝင်ငွေ ဆုံးရှုံးမှုများအပေါ် ပို၍ အကဲဆတ်ပါသည်။ |

### ဇယား (က-၃) - စစ်အာဏာသိမ်းမှု၏ သက်ရောက်မှုအဖြစ် ဆင့်ကဲဖြစ်ပေါ်လာသော ဘေးဒုက္ခများ

(ဥပမာ လုံခြုံရေးအခြေအနေ ဆိုးရွားလာခြင်း၊ ကုန်သွယ်ရေး ပိတ်ဆို့ခံရနိုင်ခြေများ) – ချဉ်းကပ်ဆောင်ရွက်သည့်နည်းလမ်းနှင့် ယူဆချက်များ

| ဝင်ငွေရရှိသည့် ရင်းမြစ် | သက်ရောက်မှုရှိသော ကဏ္ဍ | **စစ်အာဏာသိမ်းမှု**<br>ယူဆချက် |
|---|---|---|
| လုပ်ခလစာများ (လခစားဝန်ထမ်း များအား ပေးငွေ) | ၂၀၂ (သတ္တုတူးဖော်ခြင်းနှင့် ကျောက်တူးခြင်း)၊ ၂၀၃ (စားသောက်ကုန်၊ အဖျော်ယမကာနှင့် ဆေးရွက်ကြီး နှင့်ပြုလုပ်သော ကုန်ပစ္စည်းများ ထုတ်လုပ် မှု)၊ ၂၀၄ (အထည်ချုပ်လုပ်ငန်း)၊ ၂၁၁ (အခြေခံသတ္တုများ ထုတ်လုပ်ခြင်း)၊ ၂၂၁ (ကုန်သွယ်ရေး)၊ ၂၂၃ (လက်လီ ရောင်းဝယ်ရေး)၊ ၂၂၄ (သယ်ယူ ပို့ဆောင်ရေးနှင့် သိုလှောင်မှု)၊ ၂၂၅ (တည်းခိုနေထိုင်ရေး)၊ ၂၃၀ (ငွေကြေးနှင့် အာမခံလုပ်ငန်းများ)၊ ၂၃၁ (အိမ်ခြံမြေ လုပ်ငန်းများ)၊ | အနာဂတ်ဖြစ်နိုင်ခြေ နှစ်ခု ရှိမည်ဟု ယူဆပါသည်။ အကောင်းဆုံးကို မျှော်လင့်၍ ခန့်မှန်းထားသော ဖြစ်ရပ်တွင် သက်ရောက်မှုရှိသော ကဏ္ဍများရှိ လုပ်ခလစာများနှင့် စီးပွားရေးလုပ်ငန်းများမှ ရရှိသော ဝင်ငွေများသည် တစ်နှစ်လျှင် ထက်ဝက် ကျဆင်းသွားမည်ဖြစ်သည်။ ဤသည်မှာ အကြောင်းနှစ်ချက်ကြောင့် ဖြစ်နိုင်ပါသည် – မြေပြင်ရှိ လုံခြုံရေးအခြေအနေနှင့် ဤကဏ္ဍများသည် စီးပွားရေး ရွေးချယ်ပိတ်ဆို့မှုများ၏ သက်ရောက်မှုကို ခံရခြင်းကြောင့် ဝင်ငွေဖန်တီးမှုလုပ်ငန်းများ ထိခိုက်နိုင်သော ကြောင့်ဖြစ်သည်။ ကျန်ရှိသော ကဏ္ဍများတွင်မူ လုပ်ခလစာများနှင့် စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေများ ၂၅% ထိခိုက်မည်ဖြစ်သည်။<br><br>အဆိုးဆုံးကို မျှော်လင့်၍ ခန့်မှန်းထားသော ဖြစ်ရပ်တွင် လုပ်ခလစာများအားလုံးသည် ၅၀% ထိခိုက်လိမ့်မည်ဟု ယူဆပါသည်။ |
| လယ်ယာနှင့် မသက်ဆိုင်သော လုပ်ငန်းများမှ ဝင်ငွေ (စိုက်ပျိုးရေး နှင့်မသက်ဆိုင်သည့် ကိုယ်ပိုင် အလုပ်အကိုင်နှင့် စီးပွားရေး လုပ်ငန်းများ ပိုင်ဆိုင်မှုမှ ရရှိသော ဝင်ငွေ)၊ | ၂၀၂ (သတ္တုတူးဖော်ခြင်းနှင့် ကျောက်တူးခြင်း)၊ ၂၀၃ (စားသောက်ကုန်၊ အဖျော်ယမကာနှင့် ဆေးရွက်ကြီး နှင့်ပြုလုပ်သော ကုန်ပစ္စည်းများ ထုတ်လုပ်မှု)၊ ၂၀၄ (အထည်ချုပ်လုပ်ငန်း)၊ ၂၁၁ (အခြေခံသတ္တုများ ထုတ်လုပ်ခြင်း)၊ ၂၂၁ (ကုန်သွယ်ရေး)၊ ၂၂၃ (လက်လီ ရောင်းဝယ်ရေး)၊ ၂၂၄ (သယ်ယူ ပို့ဆောင်ရေးနှင့် | အနာဂတ်ဖြစ်နိုင်ခြေ နှစ်ခု ရှိမည်ဟု ယူဆပါသည်။ အကောင်းဆုံးကို မျှော်လင့်၍ ခန့်မှန်းထားသော ဖြစ်ရပ်တွင် သက်ရောက်မှုရှိသော ကဏ္ဍများရှိ လုပ်ခလစာများနှင့် စီးပွားရေးလုပ်ငန်းများမှ ရရှိသော ဝင်ငွေများသည် တစ်နှစ်လျှင် ထက်ဝက် ကျဆင်းသွားမည်ဖြစ်သည်။ ဤသည်မှာ အကြောင်းနှစ်ချက်ကြောင့် ဖြစ်နိုင်ပါသည် – မြေပြင်ရှိ လုံခြုံရေးအခြေအနေနှင့် ဤကဏ္ဍများသည် စီးပွားရေး ရွေးချယ်ပိတ်ဆို့မှုများ၏ သက်ရောက်မှုကို ခံ |

| | | |
|---|---|---|
| | သိုလှောင်မှု)၊ ၂၂၅ (တည်းခိုနေထိုင်ရေး)၊ ၂၃၀ (ငွေကြေးနှင့် အာမခံလုပ်ငန်းများ)၊ ၂၃၁ (အိမ်ခြံမြေ လုပ်ငန်းများ)၊ | ခြင်းကြောင့် ဝင်ငွေဖန်တီးမှုလုပ်ငန်းများ ထိခိုက်နိုင်သော ကြောင့်ဖြစ်သည်။ ကျန်ရှိသော ကဏ္ဍများတွင်မူ လုပ်ခလစာများနှင့် စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေများ ၂၅% ထိခိုက်မည်ဖြစ်သည်။<br><br>အဆိုးဆုံးကို မျှော်လင့်၍ ခန့်မှန်းထားသော ဖြစ်ရပ်တွင် လုပ်ခလစာများအားလုံးသည် ၅၀% ထိခိုက်လိမ့်မည်ဟု ယူဆပါသည်။ |
| လွှဲပို့ငွေများ (အိမ်ထောင်စုဝင် မဟုတ် တော့သူများထံမှ လက်ခံ ရရှိသော ငွေများ) | မြန်မာနိုင်ငံရှိ ဘဏ်လုပ်ငန်းကဏ္ဍမှ ပြဿနာများ ကြောင့် အတိုင်းအတာတစ်ခုအထိ ထိခိုက်၊ | နိုင်ငံတွင်းရှိ ဘဏ်လုပ်ငန်းကဏ္ဍ ကောင်းစွာ လည်ပတ်နိုင်မှု မရှိခြင်းကြောင့် လွှဲပို့ငွေများ ထိခိုက်မှု ၁၀% ရှိမည်ဟု ယူဆပါသည်။ |
| ကောက်ပဲသီးနှံများ/ စိုက်ပျိုးရေး/ ရေသတ္တဝါမွေးမြူထုတ်လုပ်ရေး (ကောက်ပဲသီးနှံ စိုက်ပျိုးခြင်း၊ သစ် တောလုပ်ငန်း၊ တိရစ္ဆာန်မွေးမြူခြင်း၊ ငါးဖမ်းခြင်းနှင့် အခြား ရေသတ္တဝါ မွေးမြူရေး လုပ်ငန်းများမှ ဝင်ငွေများ) | တောင်သူများ ရင်ဆိုင်ရသည့်စိန်ခေါ်မှုများကြောင့် အတိုင်းအတာတစ်ခုအထိ ထိခိုက်၊ | တောင်သူများ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ (ဥပမာ ဓာတ် မြေဩဇာ ဝယ်ယူရရှိနိုင်မှု၊ ပြည်ပတင်ပို့မှုဆိုင်ရာ ပြဿနာ များ၊ စသည်) ကြောင့် ဤဝင်ငွေများ ၁၀% ကျဆင်းလိမ့်မည် ဟု ယူဆပါသည်။ ပို၍ ဆိုးသည်မှာ ကိုယ်တွေ့ကြုံသူများမှ ပြောပြသည့် အထောက်အထားများအရ ဤကဏ္ဍတွင် ချေးငွေရရှိနိုင်မှု အခက်အခဲများကို ရင်ဆိုင်နေရခြင်း ဖြစ်သည်။ |
| လူမှုရေးထောက်ပံ့ငွေများ | လက်ရှိလုပ်ဆောင်နေသည့် အာဏာဖီဆန်ရေး လှုပ်ရှားမှုနှင့် အချို့သော လူမှုရေးထောက်ပံ့ကြေးများ ပေးအပ်နိုင်မှုမရှိခြင်းကြောင့် အတိုင်းအတာတစ်ခု ထိခိုက်၊ | လူမှုရေးထောက်ပံ့ကြေးအချို့ကို ပေးနိုင်မှုအပေါ် သက်ရောက် မှုရှိသည့် အာဏာဖီဆန်ရေးလှုပ်ရှားမှုကြောင့် ၁၀% ကျဆင်း သွားမည်ဖြစ်သည်။ |

ဇယား (က-၄) - ရေရှည်တွင် ရရှိနိုင်မည့် ပျမ်းမျှမျှော်မှန်းဝင်ငွေဆိုင်ရာသီအိုရီ (Permanent Income Hypothesis) နှင့် စပ်လျဉ်းသော သုတေသနစာတမ်းများအား လေ့လာသုံးသပ်ခြင်း

| | ရေးသားသူ | Dataset(များ) | သုတေသနမေးခွန်းများ/ အသုံးပြုသော နည်းစနစ် | တွေ့ရှိချက်များ |
|---|---|---|---|---|
| ၁ | Cashin and Unayama (2016) | ဂျပန်မိသားစုဝင်ငွေ နှင့် အသုံးစရိတ် စစ်တမ်း (JFIES) | မမျှော်လင့်သော ဝင်ငွေပြောင်းလဲမှုအဖြစ် ဂျပန်တွင် VAT တိုးလာမှု၊ စောင့်ကြည့် လေ့လာမှု နည်းလမ်း တစ်ခုဖြစ်သည့် Natural experiment ကို ပြုလုပ်၊ | ဝင်ငွေအပြောင်းအလဲကို ကြေညာလိုက်သောအခါ စားသုံးမှုသည် အချိုးညီစွာ ကျဆင်းသဖြင့် permanent income hypothesis ကို ခိုင်မာမှု ရှိစေသည်။ |
| ၂ | Kruger and Perri (2012) | ၁၉၈၇ မှ ၂၀၀၈ အထိ အီတလီနိုင်ငံ အိမ်ထောင်စု ဝင်ငွေ နှင့် ကြွယ်ဝမှု စစ်တမ်း၊ | ဝင်ငွေအပြောင်းအလဲ (လုပ်ခလစာ) နှင့် ပိုင်ဆိုင်မှု အပြောင်း အလဲ (ဥပမာ အိမ်ဈေး နှုန်းနှင့် စီးပွားရေး လုပ်ငန်းများ) ၏ သက်ရောက်မှုကို လေ့လာခြင်း၊ | ကြွယ်ဝမှုဆိုင်ရာ အပြောင်း အလဲများသည် ဝင်ငွေ အပြောင်းအလဲထက်စာလျှင် အိမ်ထောင်စု စားသုံးမှု အပေါ် များစွာ ပို၍ ကြီးမားပြီး ကာလ ရှည်ကြာသော သက်ရောက်မှုကို ဖြစ်စေ ပါသည်။ |
| ၃ | Japelli and Pistaferri (2020) | အီတလီနိုင်ငံ အိမ်ထောင်စုဝင်ငွေ နှင့် ကြွယ်ဝမှု စစ်တမ်းများ (SHIW) | ရေရှည်သက်ရောက် သော ဘေးဒုက္ခ များ၏ အိမ်ထောင်စု စားသုံးမှု အပေါ် သက်ရောက်မှု၊ စာတမ်းရေးသားသူများက IV (instrumental variable) နည်းစနစ်ကို အားထား အသုံးပြု ခဲ့သည်။ | ဝင်ငွေရေရှည် အပြောင်းအလဲ ဖြစ်စေသော ဘေးဒုက္ခများကို တုံ့ပြန်မှုအဖြစ် အိမ်ထောင်စုများသည် ၎င်း တို့၏ ရည်မှန်းထားသည့် ကြွယ်ဝမှုများကို အချိုးညီစွာ ပြန်လည်ပြင်ဆင် လျှော့ချကြကြောင်း စာတမ်းရေးသူများမှ တွေ့ရှိခဲ့သည်။ |
| ၄ | Cho et al (2019) | PSID နှင့် HILDA – US နှင့် ဩစတြေး လျအတွက် panel household budget survey များ | စာတမ်းရေးသူများက ရေရှည်ဝင်ငွေ အပြောင်း အလဲများကို ၎င်းတို့၏ လူမှုစီးပွား အခြေအနေနှင့် ကြွေး မြီပမာဏပေါ် မူတည်၍ အိမ်ထောင်စုများ၏ တုံ့ပြန်ပုံကို ဆန်းစစ် လေ့လာထားသည်။ | (ယာယီဖြစ်စေ၊ ရေရှည် ဖြစ်စေ) ဝင်ငွေအပြောင်း အလဲဖြစ်ခြင်းကို ကြွေးရှိသော အိမ်ထောင်စုများ၏ အကဲဆတ်မှုသည် ပို၍ မြင့် မားပါသည်။ ထိုနိုင်ငံ ၂ နိုင်ငံလုံးတွင် ပို၍ ချမ်းသာ ကြွယ်ဝသော အိမ်ထောင်စု များသည် ဝင်ငွေအပြောင်း အလဲ ဖြစ်သည့် ကာလများ အတွင်းတွင် ၎င်းတို့၏ စားသုံးမှုကို ကျဆင်းမသွား အောင် ပို၍ လုပ်ဆောင်နိုင် ကြကြောင်း တွေ့ရသည်။ |
| ၅ | Ludwig (2015) | PSID | ဝင်ငွေအဆင့်အားလုံးရှိ ရေရှည်နှင့် ယာယီ ဝင်ငွေအပြောင်းအလဲ များ၏ | အိမ်ထောင်စုများသည် ပို၍ ဆင်းရဲနွမ်းပါးလေ၊ ဝင်ငွေ အပြောင်းအလဲနှစ်မျိုးစလုံး |

| | | | | |
|---|---|---|---|---|
| | | | အိမ်ထောင်စု စားသုံးမှုအပေါ် သက်ရောက်မှု၊ | (ရေရှည်နှင့် ယာယီ) အား တုံ့ပြန်ပုံ ဆင်တူလေ ဖြစ် သည်။ |
| ၆ | Mckenzie (2006) | ၁၉၉၄ မှ ပီဆို ငွေကြေး အကျပ် အတည်း မတိုင်မီနှင့် ပြီးသည့်နောက် မက္ကစီကိုနိုင်ငံ အတွက် ENIGH စစ်တမ်းများ၊ | စာတမ်းရေးသူက အကျပ်အတည်းကာလ အတွင်းနှင့် အကျပ် အတည်းလွန်ကာလ အသင့်အတင့် တာရှည် ခံသော ပစ္စည်းများ (semi-durables) သုံးစွဲမှု ကျဆင်းသွားရခြင်း အကြောင်းရင်းများကို ဆန်းစစ်လေ့လာထားသည်။ | အိမ်ထောင်စုများက ထို အခြေအနေကို ရေရှည်ဖြစ် ပွားမည်ဟု ရှုမြင်သော ကြောင့် ၎င်းတို့၏ စားသုံးမှု/ သုံးစွဲမှုပုံစံများကို ပြင်ဆင်ခဲ့ ကြသည်ဟု ရှင်းလင်း တင်ပြထားသည်။ |

www.undp.org.mm

@UNDPMyanmar

@UNDP_Myanmar